# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❍*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း - ဩရိဿပြည်နယ် တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ မိုး/ဇလ


**ယနေ့ မာတိကာ**

ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း — ပြည်တွင်းသတင်း — စာ ၂

ဝိသမလောဘသားနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု — ဆောင်းပါး — စာ ၁၀

နိုင်ငံ၏ အနာဂတ် စက်သုံးဆီသုံးစွဲမှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာတော့မည့် ဇီဝအီသနောလောင်စာစက်သုံးဆီ — ဆောင်းပါး — စာ ၁၆

မြန်မာ့အလင်း

# ပညာသင်ယူမှု မဖျက်ဆီးသင့်

အမျိုးသားညီညွတ်ရေးအစိုးရအမည်ခံ NUG အကြမ်းဖက်အဖွဲ့ စတင်ပေါ်ပေါက်ချိန်မှစကာ ပြည်တွင်းရှိဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို အကြမ်းဖက်တိုက်ခိုက်ရန် လူမှုကွန်ရက်မှတစ်ဆင့် မူဝါဒချမှတ်လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်ကို ပြည်သူများ အမှတ်ထင်ထင်ရှိနေသေးသည်။ ဝန်ထမ်းများ ရုံးမတက်ရန်၊ ကျောင်းသူ ကျောင်းသားများ ကျောင်းမသွားရန် တားမြစ်ခြင်းနှင့်အတူ အုပ်စုဖွဲ့ဖိအားပေးမှုများ၊ အကျပ်ကိုင်ခြိမ်းခြောက်မှုများကိုလည်း အုံနှင့်ကျင်းနှင့် ပြုလုပ်ခဲ့ကြပြီး မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ၎င်းတို့ဘက်မပါသူမှန်သမျှကိုလည်း ရန်သူအဖြစ် သတ်မှတ်ခဲ့သည်ကို အားလုံးသိကြပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပညာရေးနှောင့်နှေးခဲ့ရသလို NUG ၏ ခြိမ်းခြောက်မှုကြောင့် ကျောင်းများ ဖွင့်ထားပါလျက်နှင့် ကျောင်းမတက်ကြသူတို့ နစ်နာကြရပြန်ရာ ကလေးတို့၏ အနာဂတ်ကို ဖျက်ဆီးခံရခြင်းပင်ဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအရ "လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရ ဖြစ်ရမည်။ စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို လူအများသင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းပေါ်အခြေခံ၍ အားလုံးတန်းတူရည်တူ ရရှိစေရမည်။" ဟူ၍ ပါရှိရာ ပညာသင်ယူမှုကို ပိတ်ပင်တားဆီးခြင်းသည် လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင် ဖြစ်သည်။

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စာသင်ကျောင်းများနှင့် ကျောင်းစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဒရုန်းဖြင့် ဗုံးချတိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများကို သိမ်းပိုက်၍ စစ်လေ့ကျင့်ကွင်းများ၊ ကတုတ်ကျင်းများ၊ သဲအိတ်ဘန်ကာများ တည်ဆောက်ကာ စစ်ရေးအတွက် အသုံးပြုခြင်း၊ ဆရာ ဆရာမများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း ကျူးလွန်မှုပေါင်းများစွာအနက် ဇူလိုင် ၂၀ ရက်က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ အသက် (၁၁) နှစ်အရွယ် သားငယ်၊ ဆရာ၊ ဆရာမ ငါးဦးတို့ကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်မှု၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးကို ဇူလိုင် ၂၂ ရက်တွင် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်မှုတို့မှာ ကျောင်းသူကျောင်းသားတို့၏ ပညာရေးအပေါ်တွင် NUG ၊ PDF တို့၏ သဘောထားကို ထင်ထင်ရှားရှား ထပ်မံပြသလိုက်သည့်ဖြစ်စဉ်တစ်ခုပင် ဖြစ်သည်။

ပညာရေးသည် ကျောင်းသူ၊ကျောင်းသားတစ်ဦးချင်းစီအတွက်ရော နိုင်ငံအတွက်ပါ အနာဂတ်အရင်းအနှီးဖြစ်သည်။ ကျောင်းနေအရွယ်ကလေးလူငယ်တို့အတွက် ပညာသင်ကြားမှုကို မည်သည့်အကြောင်းနှင့်မျှ ပျက်စီးစေရမည်မဟုတ်သည့်အပြင် ၎င်းတို့၏ အနာဂတ်အတွက် ပညာသင်ယူနိုင်ခွင့်ကို မဖြစ်မနေ ဖန်တီးပေးရန်လိုသည်။ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ တစ်မျိုးသားလုံး၏ ပညာတတ်မြောက်မှုအခြေအနေမှာ နိမ့်ကျလျက်ရှိရာ ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ၊ အောင်အောင်မြင်မြင် တည်ဆောက်နိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ မပျက်မကွက်ပြုလုပ်ပေးရန် လိုအပ်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံရေးယုံကြည်ချက်များ မည်မျှကွဲလွဲသည်ဖြစ်စေ ကျောင်းသူကျောင်းသား၊ဆရာ ဆရာမများအပါအဝင်ပညာရေးရပ်ဝန်းတစ်ခုလုံးသည် ပဋိပက္ခများအားလုံးမှ သီးခြားလွတ်ကင်းရာ ဖြစ်သင့်သည်။ ကျောင်းဟူသမျှ ကျောင်းသူ ကျောင်းသားတို့ အေးချမ်းလုံခြုံစွာ ပညာသင်ကြားရာနေရာများဖြစ်ဖို့ လိုသည်။

စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်) အကြမ်းဖက်ခံရမှုဖြစ်ရပ်တွင် ခြိမ်းခြောက်နှိပ်စက်ခံခဲ့ရသည့် ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမများ၊ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် ကျောင်းအုပ်ဆရာမကြီးနှင့် သားငယ်၊ ဆရာ ဆရာမ ငါးဦးတို့အတွက် ဝမ်းနည်းဖွယ်နှင့် စိုးရိမ်ပူပန်ဖွယ်ပင်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်သမားတို့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံခဲ့ရသည့် ဆရာအတွက်လည်း ကြားသိရသူတိုင်း စိတ်ထိခိုက်ဖွယ်ဖြစ်သည်။ စစ်ရေး၊ နိုင်ငံရေးနှင့် မသက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကြားသည့်ကျောင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများအပေါ် ရိုင်းစိုင်းရက်စက်စွာ အကြမ်းဖက်မှု သတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းသည် ခွင့်မလွှတ်ဖွယ်ပင်ဖြစ်ရာ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချအပ်ပါကြောင်း။ ။

## ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၅၃/၂၀၂၃)
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရေချိုငါးလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## "ဝ"အမျိုးသားပါတီ (WA NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၀ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၂၇ ရက် )

**"ဝ"အမျိုးသားပါတီ (WA NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ (၂)၊ ရပ်ကွက်(၁)၊ သာယာလမ်း၊ အမှတ် (၄၀) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **"ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**"ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၅) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေး ကို နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## တောင်ကြီးမြို့နယ်၌ သမဝါယမအသင်းစုမှ မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့

**တောင်ကြီး ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် သမဝါယမအသင်းစုမှ အသင်းအချင်းချင်းပံ့ပိုးချေးငွေရယူ၍ မိုးစပါးစိုက်ပျိုးလျက်ရှိသည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများ ထောက်ပံ့ပေးအပ်ရာ ရွှေတောင်သူကြီး မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်း လီမိတက်ရှိ အသင်းသား ၂၂ ဦး၏ မိုးစပါးစိုက်ဧက ၅၃၀ အတွက် ငွေကျပ်သိန်း ၅၈၀ နှင့် ဝေဖြိုး လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၃၀ ၏ မိုးစပါးစိုက်ဧက ၁၅၀ တို့အတွက် ငွေကျပ်သိန်း ၁၅၀ နှင့်ညီမျှသည့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ရွှေတောင်သူကြီး မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်း လီမိတက်နှင့် ခမ်းရတနာ နွားမွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်း လီမိတက်တို့မှ GW-11 စပါးမျိုး ၁၀ ဧကစီ စိုက်ပျိုးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ထိန်ထိန်ဝင်း ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မင်္ဂလာရုပ်စုံကျောင်းတိုက်နှင့် မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့် လားရှိုးမြို့နယ်ရှိ ဓမ္မဂုဏ်ရည် တပ်ဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❍ ရွှေဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏သြဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့က

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး နှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး နှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း နှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) နှင့် အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဆရာတော်ထံ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ပိုးရယ် အောင်သိန်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။




ဆရာတော်ထံ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ခွန်စံလွင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။




ဆရာတော်ထံ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်ထောင်စု တရားသူ ကြီးချုပ် ဦးထွန်းထွန်းဦး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသာဋ္ဌေး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။

## သွင်းကုန်အစားထိုးသီးနှံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ပဲခူး ဇူလိုင် ၂၇

သွင်းကုန်အစားထိုးသီးနှံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ ဥသာမြို့သစ်၊ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး၊ မြို့ပြနှင့်ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ တိုးပွားရရှိလာစေရေး၊ တစ်ပိုင်တစ်နိုင် အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင် ဆောင်ရွက်လာနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေါ်ပေါက်လာစေရေး ရှေးရှု၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ယခုလည်း သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းက သင်ကြားပေးလိုက်သည့် နည်းပညာများသည် အလွယ်တကူ လုပ်ငန်းထူထောင်နိုင်သည့် ပညာရပ်များဖြစ်သောကြောင့် မိမိတို့၏ မိသားစုဝင်များနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်သူများကိုလည်း မိမိတို့အစိုးရအဖွဲ့က ဆက်လက်ကူညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သင်တန်းအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခင်းကျင်းပြသထားသော သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် လက်တွေ့သင်ကြားပြသနေမှုတို့ကို ကြည့်ရှုသည်။

အဆိုပါ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းအား ဇူလိုင် ၂၇ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❍ *ကျော့ဖုံးမှ*

နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန် ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**များစွာတိုးတက် ဖမ်းဆီးနိုင်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၀)ကြိမ်မြောက်ဖြစ်ပြီး ယခင်အစည်းအဝေး (၉)ကြိမ်၌ ဆုံးဖြတ်ချက် ၃၁၁ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုအနေဖြင့်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ အမှုတွဲ ၇၀၁၁ မှုနှင့် ခန့်မှန်းတန်ဖိုး ကျပ် ၁၂၇ ဒသမ ၀၅၄ ဘီလီယံဖြစ်ပြီး ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက များစွာတိုးတက် ဖမ်းဆီးနိုင်ခဲ့ကြောင်း။

သို့သော် တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြကြောင်းကို ကြားသိနေရကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဧပြီလအထိ စာရင်းတွင် ထိုင်းနိုင်ငံစာရင်းအရ ထိုင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၂ ဘီလီယံဖြစ်ပြီး မိမိတို့ဘက်က စာရင်းအရ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၃ ဘီလီယံဖြစ်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ ဘီလီယံ ကွာခြားနေသည့်အတွက် ၎င်းသည် တစ်နှစ်အတွင်း တရားမဝင်ကုန်သွယ်မှုများဖြစ်သည်ဟု သုံးသပ်ရကြောင်း။

တရားမဝင် ကုန်သွယ်မှုဖြစ်ပေါ်ရခြင်း အဓိကအကြောင်းရင်းများမှာ **“အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု၊ အကောက်ခွန် လုပ်ငန်းဝန်းကျင်”** စသော အခြေခံကျသည့်အချက်များအပြင် နိုင်ငံအတွင်း လုံခြုံရေးအရ လိုအပ်ချက်ရှိနေဆဲ နယ်စပ်ဒေသများရှိနေခြင်း၊ နယ်စပ်ဒေသများသည် ရှည်လျားပြီး နှစ်နိုင်ငံချင်း လွယ်ကူစွာဖြတ်သန်းနိုင်သည့် နေရာအများအပြားရှိခြင်းကြောင့် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ခက်ခဲခြင်း၊ ဥပဒေရေးရာ အားနည်းချက်များရှိခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အားနှင့် စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် အကျင့်ပျက်မှုများ ရှိနေခြင်း စသည့်အချက်များကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများဖြစ်ကြောင်း။

**ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူ ဆောင်ရွက်ရန်လိုအပ်**

နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်တွင်ရှိသည့် တရားမဝင် ဝင်ထွက်ပေါက်များ၊ မှောင်ခိုရှောင်ကွင်းလမ်းများအပြင် တာဝန်ကျနိုင်ငံ့ဝန်ထမ်းအချို့၏ အားနည်းချက်များကြောင့် တရားမဝင်ကုန်ပစ္စည်းများ နိုင်ငံအတွင်းပိုင်းအထိ ဖမ်းဆီးဖော်ထုတ်သည့်ကြားမှ ဝင်လာဆဲဖြစ်၍ အဆိုပါ တရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းနိုင်မည့် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယင်းကိစ္စကို ကုန်သည်အချင်းချင်း သိရှိပြီးဖြစ်၍ နိုင်ငံ့အကျိုးစီးပွား၊ မိမိကိုယ်ကျိုးစီးပွားကြည့်ပြီး သက်ဆိုင်ရာကို သိလျှင်သိချင်း အသိပေးအကြောင်းကြားပေးရန် လိုအပ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **“တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့ နိုင်ငံ့စီးပွားရေးအပေါ် ထိုးနှက်ချက်များပင်ဖြစ်ကြောင်း”** ဟု ပြောကြားခဲ့ကြောင်း။

> **❑ ၂၀၂၃ ခုနှစ် ဇွန်လ၏ ဖမ်းဆီးရမိမှုကို သုံးသပ်ရလျှင် ယခင်လထက် ဖမ်းဆီးရမိမှုများသော်လည်း ကုန်ပစ္စည်းအုပ်စုအလိုက် သုံးသပ်ချက်အရ ဖမ်းဆီးရမိမှု လချုပ်ခန့်မှန်းတန်ဖိုး ကျပ် ၁၁ ဒသမ ၈၁၆ ဘီလီယံသည် မော်တော်ယာဉ်အုပ်စုက ကျပ် ၇ ဒသမ ၈၂၂ ဘီလီယံဖြစ်ပြီး ယခင်လထက် ကျပ် ၄ ဒသမ ၂၅၄ ဘီလီယံ ပိုလာသော်လည်း ကျန်အုပ်စုများဖြစ်သည့် လယ်ယာထွက်ကုန်၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အရှင်များမှာ ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းလာသည်ကို တွေ့ရ**

၂၀၂၃ ခုနှစ် ဇွန်လအတွင်း ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် သယံဇာတများကို တရားမဝင် တူးဖော်သည့် ဘက်ဟိုးယန္တရား ၅၇ စီး၊ ခန့်မှန်းတန်ဖိုး ကျပ် ၄ ဒသမ ၅၃၁ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ တရားမဝင်သစ်မျိုးစုံ အမှုတွဲ ၁၄၆၂ မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၄ ဒသမ ၄၂၁ ဘီလီယံ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှု စုစုပေါင်း၏ ၃ ဒသမ ၄၈ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွင်း သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုများသည် ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုကိုလည်း ထိထိရောက်ရောက် တားဆီး၊ စစ်ဆေးအရေးယူကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **“ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်ပြီး လမ်းခရီးတွင်ရှိသောဂိတ်များ၌ မလိုလားအပ်သည့်ကုန်ကျစရိတ်များမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်”** ဟု မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက်တွင် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများ မရှိစေရေး၊ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများမဖြစ်ရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လာဘ်ပေးလာဘ်ယူမှုများကို စိစစ်ဖော်ထုတ်တွေ့ရှိပါက တာဝန်ရှိသူအဆင့်ဆင့်ကို ထိထိရောက်ရောက်အရေးယူရန် မှာကြားလိုကြောင်း။

**ကြပ်ကြပ်မတ်မတ် ဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုများသည် ရှောင်ကွင်းလမ်းများ အသုံးပြုသယ်ဆောင်မှုများ ရှိသကဲ့သို့ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းအတိုင်း စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များကို ငွေပေးပြီး ဖြတ်သန်းနေမှုများလည်းရှိနေကြောင်းကို ဖမ်းဆီးရမိ စစ်ကြောချက်များအရ သိရှိရကြောင်း၊ အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် OSS ဌာနဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူရသည့် စစ်ဆေးရေးဂိတ်၊ လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများ မရှိအောင် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်းနှင့် ပြည်ထောင်စုအဆင့်က ဝင်ရောက်စစ်ဆေးဖော်ထုတ် တွေ့ရှိခဲ့လျှင် သက်ဆိုင်ရာတာဝန်ကျဝန်ထမ်းများအပြင် တာဝန်ရှိသူအဆင့်ဆင့်ကိုပါ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် ဇွန်လ၏ ဖမ်းဆီးရမိမှုကို သုံးသပ်ရလျှင် ယခင်လထက် ဖမ်းဆီးရမိမှုများသော်လည်း ကုန်ပစ္စည်းအုပ်စုအလိုက် သုံးသပ်ချက်အရ ဖမ်းဆီးရမိမှု လချုပ် ခန့်မှန်းတန်ဖိုး ကျပ် ၁၁ ဒသမ ၈၁၆ ဘီလီယံသည် မော်တော်ယာဉ်အုပ်စုက ကျပ် ၇ ဒသမ ၈၂၂ ဘီလီယံဖြစ်ပြီး ယခင်လထက် ကျပ် ၄ ဒသမ ၂၅၄ ဘီလီယံ ပိုလာသော်လည်း ကျန်အုပ်စုများဖြစ်သည့် လယ်ယာထွက်ကုန်၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အရှင်များမှာ ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း၊ စခန်းအလိုက် ပြန်ကြည့်ပါက ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ အဓိကစစ်ဆေးရေးစခန်းများဖြစ်သည့် မရမ်းချောင်၊ ကော့ကရိတ်တံတားကျိုး၊ မူဆယ်(၁၀၅)မိုင်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်ဆိပ်ကမ်းများမှာ သိသိသာသာ ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ရှိနေသော်လည်း ဖမ်းဆီးရမိမှုလျော့နည်းကျဆင်းရခြင်းသည် သက်ဆိုင်ရာအထူးအဖွဲ့များနှင့် တာဝန်ကျဌာနဆိုင်ရာများ၏ တားဆီးစစ်ဆေးမှုများ အားနည်းသည်ဟု သုံးသပ်ရမှာဖြစ်ကြောင်း။

**ကုန်တင်လှောစနစ် စမ်းသပ်အသုံးပြု**

ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်တင်ယာဉ်များ စစ်ဆေးမှုလွယ်ကူစေရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ကုန်တင်လှောစနစ် စမ်းသပ်အသုံးပြုခဲ့ကြောင်း၊ စမ်းသပ်ကာလ ခြောက်လပြည့်ပြီဖြစ်သည့်အတွက် ဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် ကုန်သည်လုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းပြီး သုံးသပ်တင်ပြပေးရန်လိုကြောင်း၊ သို့မှသာ ၎င်းစနစ်ကို ဆက်လုပ်ရန် သင့်/မသင့် ဆုံးဖြတ်ပေး၍ရမည် ဖြစ်ကြောင်း။

ကွန်တိန်နာ၊ အလုံပိတ်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေးသည့် E-Lock စနစ်ကို အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုနေကြသည်မှာ ကြာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း E-Lock စနစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင်ဆောင်ရွက်ကြရန် တွန်းအားပေးပြောကြားလိုကြောင်း၊ ပို့ကုန်ကုန်တင်ယာဉ်များကို စစ်ဆေးရာတွင် လွယ်ကူလျင်မြန်စေရန် QR ကုဒ်စနစ်နှင့် စစ်ဆေးနေကြောင်း၊ QR ကုဒ်တွင်ပါသည့် ပို့ကုန်အမျိုးအစား၊ တန်ချိန်နှင့် ကုန်တင်ယာဉ်ပေါ်တွင် ပါလာသည့် အမျိုးအစား၊ တန်ချိန်ကိုက်ညီရန် လိုကြောင်းကိုလည်း စစ်ဆေးသည့်ဝန်ထမ်းများက အထူးဂရုပြုစစ်ဆေးရန် မှာကြားလိုကြောင်း။

ကုန်ပစ္စည်းများစစ်ဆေးရာတွင် Manual စစ်ဆေးခြင်းထက် ICT နည်းပညာ အသုံးပြုသည့်နည်းလမ်း၊ X-ray စက်များနှင့် ရှာဖွေစစ်ဆေးနိုင်လျှင် အချိန်ကုန်သက်သာပြီး တွေ့ရှိဖမ်းဆီးမှု ပိုတက်လာနိုင်သလို ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည့်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများမှာ အသုံးပြုနေသည့် ရှာဖွေတားဆီးစစ်ဆေးခြင်းစနစ်များကိုလည်း လေ့လာပြီး စီမံဆောင်ရွက်ထားသင့်ပါကြောင်းနှင့် ယခုစစ်ဆေးမှုပုံစံထက် ပိုမိုခေတ်မီစနစ်ကျသည့် အစီအမံရှိပါကလည်း တင်ပြရန်လိုကြောင်း။

**အမြဲမပြတ်စောင့်ကြည့်သွားရန်လို**

ကုန်သွယ်မှုလုပ်ငန်းများတွင် Online စနစ်များဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်၊ ပို့ကုန်ကြေညာလွှာထုတ်ပေးရာတွင် အသုံးပြုနေသည့် MACCS စနစ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးရာတွင် အသုံးပြုနေသည့် Myanmar Tradenet 2.0 စနစ်၊ တစ်ဖက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်ရာအသုံးပြုသည့် MyCo စနစ်များကို အသုံးပြုဆောင်ရွက်ခြင်းသည် အင်မတန်ကောင်းမွန်သည့်စနစ်များဖြစ်ကြောင်း၊ သို့သော် မည်သည့်စနစ်တွင်မဆို အလုံးစုံပြီးပြည့်စုံသည်ဟု မရှိကြောင်း၊ စနစ်အသုံးပြုရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားနည်းချက်များကို အမြဲမပြတ်စောင့်ကြည့်သုံးသပ်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း၊ အချို့ခေတ်မီသည့်နိုင်ငံများတွင် နည်းစနစ်များ၏ ကောင်းမွန်မှုများကြောင့် ဝန်ထမ်းအင်အားအနည်းငယ်ကိုသာ အသုံးပြုပြီး ကုန်သွယ်မှုလုပ်ငန်းများတွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့အပြင် ဦးဆောင်ကော်မတီ၏ (၃/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဌာနဆိုင်ရာအချင်းချင်း Online စနစ်နှင့် လုပ်ငန်းဆောင်ရွက်နိုင်မည့် National Single Window စနစ်နှင့် မြန်မာ - ထိုင်းနယ်စပ်တွင် စတင်စမ်းသပ်ဆောင်ရွက်နိုင်မည့် Single Window Inspection (SWI) နှင့် Single Stop Customs Inspection (SSCI) လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုးတက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် တင်ပြပေးရန်လိုကြောင်း၊ ဝန်ထမ်းများနှင့်ဆောင်ရွက်သည့်နေရာတွင် နည်းစနစ်နှင့် အစားထိုးဆောင်ရွက်မှုသာ ပိုမိုထိရောက်မှန်ကန်မှာဖြစ်ပြီး အချိန်နှင့်ကုန်ကျစရိတ်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများက နည်းစနစ်များ မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ထိထိရောက်ရောက်စစ်ဆေးအရေးယူ**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် မည်သို့သော စိန်ခေါ်မှုများရှိနေပါစေ အောင်မြင်အောင် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ တားဆီးစစ်ဆေးမှုအပြင် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက် တားဆီးစစ်ဆေး အရေးယူကြရန်လိုကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် ဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များနှင့် အချိန်ကြန့်ကြာမှုများမရှိစေရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကုန်တင်လှောစနစ် ဆောင်ရွက်မှု သုံးသပ်တင်ပြရန်လိုကြောင်းနှင့် E-Lock စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအသုံးပြုနေသည့် နည်းပညာပိုင်းဆိုင်ရာစနစ်များကို အမြဲမပြတ် စောင့်ကြည့်သုံးသပ်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းအင်အား အသုံးပြုလုပ်ငန်း ဆောင်ရွက်ရသည့်နေရာတွင် ခေတ်မီနည်းစနစ်နှင့် အစားထိုးနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် အထူးအဖွဲ့များနှင့် One Stop Service ဌာနဆိုင်ရာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။ ***စာမျက်နှာ ၆ သို့***

*စာမျက်နှာ ၅ မှ*

**ရှင်းလင်းတင်ပြ**

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ကော်မတီအစည်းအဝေး (၃/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က မြန်မာ - ထိုင်း နှစ်နိုင်ငံ ပို့ကုန်သွင်းကုန်နှိုင်းယှဉ်ချက်၊ တရားမဝင်လမ်းကြောင်းများမှ တရားမဝင် ကုန်ပစ္စည်းများ တင်သွင်းမှုမရှိစေရေး၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့်အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများ၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ E-Lock စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ တရားမဝင် Online မှ ကုန်ပစ္စည်းများ ရောင်းချနေမှု၊ QR Code ဖြင့် စစ်ဆေးဆောင်ရွက်နိုင်မှုများနှင့် ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၃) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းအခမ်းအနား၊ ရေစက်ချ မဟာမင်္ဂလာအခမ်းအနားများသို့ တက်ရောက်ပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေ ကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဥယျာဉ်တော်သာသနိက အဆောက်အဦများ လှူဒါန်းခြင်း ရေစက်ချမဟာမင်္ဂလာအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပူဇော်လိုသည့် အလှူရှင်များအနေဖြင့် အောက်ပါပုဂ္ဂိုလ်/တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ် စာရင်းပေးပို့ဆောင်ရွက်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဦးအာကာမော် ၀၉-၆၇၆၆၄၁၁၆၈
(ခ) ဦးအောင်ကို ၀၉-၆၇၅၀၀၀၂၁၃
(ဂ) ဦးသော်ဇင်လှိုင် ၀၉-၆၈၆၁၆၀၉၈၉
(ဃ) ဦးချစ်ဖြိုးနိုင် ၀၉-၆၇၄၂၂၀၀၈၄
(င) ဦးအေးမင်းထက် ၀၉-၆၆၀၉၈၅၉၅၆



## မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်ရှိ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ် ပညာသင်တန်း အမှတ်စဉ်(၉/၂၀၂၃)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်ရှိ လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း အမှတ်စဉ်(၉/၂၀၂၃)သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကောလိပ်ရှိ ပညာဉီလာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကားများ ပြောကြားကြပြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက အကအလှများ၊ သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

** ကျောဖုံးမှ*

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး လေးသင်း ကိုးအုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲမှ တိုက်ရိုက်ကစားခွင့်ရသည့် ၂၇ သင်း၊ ပထမအဆင့် ခြေစစ်ပွဲမှ တက်ရောက်လာမည့် ကိုးသင်း စုစုပေါင်း ၃၆ သင်း ပါဝင်မည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲ မဲခွဲမှုအရ မြန်မာအသင်းနှင့် မကာအိုအသင်း၊ ယီမင်အသင်းနှင့် သီရိလင်္ကာအသင်း၊ အာဖဂန်နစ္စတန်အသင်းနှင့် မွန်ဂိုလီးယားအသင်း၊ တရုတ်(တိုင်ပေ)အသင်းနှင့် တီမောအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ဘရူနိုင်းအသင်း၊ မော်လ်ဒိုက်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ စင်ကာပူအသင်းနှင့် ဂူအမ်အသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် ပါကစ္စတန်အသင်း၊ ဟောင်ကောင်အသင်းနှင့် ဘူတန်အသင်း၊ နီပေါအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲ မဲခွဲပွဲအပြီးတွင် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကိုလည်း ဆက်လက်ပြုလုပ်ခဲ့ပြီး မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရောက်နိုင်ပါက ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားအသင်းတို့ ပါဝင်သည့် အုပ်စု (B)သို့ ကျရောက်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲမှုအရ အုပ်စု (A)တွင် ကာတာ၊ အိန္ဒိယ၊ ကူဝိတ်၊ အာဖဂန်နစ္စတန်/မွန်ဂိုလီးယား၊ အုပ်စု (B) တွင် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယား၊ မြန်မာ/မကာအို၊ အုပ်စု (C) တွင် တောင်ကိုရီးယား၊ တရုတ်၊ ထိုင်း၊ စင်ကာပူ/ဂူအမ်၊ အုပ်စု (D) တွင် အိုမန်၊ ကာဂျစ္စတန်၊ မလေးရှား၊ တရုတ်(တိုင်ပေ)/တီမော၊ အုပ်စု (E)တွင် အီရန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ ဟောင်ကောင်/ဘူတန်၊ အုပ်စု (F) တွင် အီရတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား/ဘရူနိုင်း၊ အုပ်စု(G)တွင် ဆော်ဒီအာရေဗျ၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ကမ္ဘောဒီးယား/ပါကစ္စတန်၊ အုပ်စု (H) တွင် ယူအေအီး၊ ဘာရိန်း၊ ယီမင်/သီရိလင်္ကာ၊ နီပေါ/လာ အို၊ အုပ်စု (I) တွင် ဩစတြေးလျ၊ ပါလက်စတိုင်း၊ လက်ဘနွန်၊ မော်လ်ဒိုက်/ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းနှင့် မကာအိုအသင်းသည် ဇွန် ၁၉ ရက်တွင် ဇွန်လ နိုင်ငံတကာရက်သတ္တပတ်၌ ခြေစမ်းပွဲကစားထားပြီး မြန်မာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားကာ လေးလအကြာတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၇**

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)တို့ ပူးပေါင်း၍ တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဆင်းပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူးက အသေးစား အလတ်စား စက်မှုလက်မှု လုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုပေးနိုင်မည် ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် မိမိတို့ ကျရာနေရာဒေသသို့ရောက်ရှိသည့်အခါ မိသားစုတစ်ပိုင်တစ်နိုင်အဖြစ် လက်တွေ့ဆောင်ရွက်လုပ်ကိုင်သွားကြစေလိုကြောင်း ပြောကြား၍ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ သင်တန်းမှ ရရှိခဲ့သည့် ထုတ်ကုန်ပစ္စည်းများကိုလည်းကောင်း သင်တန်းသားများအား ပေးအပ်သည်။

အဆိုပါသင်တန်းကို ခုနစ်ရက်ကြာ လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်းပွဲသို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ စီးပွားရေးလုပ်ငန်းအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ ထောက်ပံ့ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းလုပ်ငန်းများပါဝင်သော စီးပွားရေးလုပ်ငန်းအဖွဲ့အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နယ်စပ်ဝင်/ထွက်ပေါက်များတွင် လုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာများ၊ ရေထွက်ကုန်များနှင့် အသီးအနှံများကို ကုန်တင်လေယာဉ်များဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံ၌ လေယာဉ်မောင်းသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများ၊ ချန်ဒူးဒေသ စီးပွားရေးလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# MRTV DTH စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်နိုင်ရန် Request For Proposal တင်သွင်းသည့် ကုမ္ပဏီများက အဆိုပြုလွှာများ လာရောက်ရှင်းလင်းတင်ပြ

နေပြည်တော် ဇူလိုင် ၂၇

**MRTV DTH စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်နိုင်ရန် Request For Proposal တင်သွင်းသည့် ကုမ္ပဏီများက အဆိုပြုလွှာများ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ရှင်းလင်းတင်ပြပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် Forever Group Co.,Ltd ၊ ABC Content Solution Co.,Ltd ၊ New Image Trading Co.,Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုကဲ့သို့ မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီအစဉ်များကို အရည်အသွေးကောင်းကောင်း၊ အဆင့်တန်းရှိရှိနှင့် ပြည်သူလူထုစိတ်ဝင်စားသည့် Channel အစီအစဉ်များ ဖြစ်စေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် MRTV DTH Platform (Direct to Home) စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းပြသခွင့်ပြုနိုင်ရေး စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုတင်သွင်းလာသည့် ကုမ္ပဏီများ၏ ရှင်းလင်းတင်ပြချက်များအပေါ် စိစစ်ရေးကော်မတီအကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်နိုင်ရေး လုပ်ငန်းစဉ်အတိုင်းစိစစ်၍ သုံးသပ်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Forever Group Co.,Ltd မှ တာဝန်ရှိသူများက Forever Group မှ မိမိတို့၏ Digital Free to Air အခမဲ့ ရုပ်သံလိုင်းများဖြစ်သော မဟာဗောဓိ၊ MRTV – 4 ၊ Channel 7 နှင့် Readers Channel ရုပ်သံလိုင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုပျံ့နှံ့ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်နေသော DVB/T–2စနစ်တွင် ထုတ်လွှင့်နေသော Channel နှစ်ခုအပြင် Channel နှစ်ခုထပ်တိုးပြီး Channel လေးခုအား MRTV DTH Platform (Direct to Home) စနစ်တွင် ထည့်သွင်းထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

**Esport Channel တစ်ခုပေါ်ပေါက်လာစေမည်**

ဆက်လက်၍ ABC Content Solution Co.,Ltd မှ တာဝန်ရှိသူက တင်သွင်းလျှောက်ထားလိုသည့် HD ရုပ်သံလိုင်းနှစ်လိုင်းမှာ Mahar Variety Channel နှင့် Mahar Esports Channel တို့ဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်သော အနုပညာထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်သွားမည်ဖြစ်ပြီး ပရိသတ်ရှေ့မှောက်သို့ အချိန်နှင့်တစ်ပြေးညီ ဖျော်ဖြေမှုနှင့် သတင်းအချက်အလက်များ ရောက်ရှိရမည်၊ ပြည်တွင်းရုပ်သံ ထုတ်လွှင့်မှုမှသည် ပြည်ပရောက် မြန်မာနိုင်ငံသားများအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါကြောင်း၊ Electronic Media ခေတ်တွင် နိုင်ငံတကာနှင့်တန်းတူ မြန်မာနိုင်ငံ ကိုယ်စားပြု Esport Channel တစ်ခု ပေါ်ပေါက်လာစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ဖျော်ဖြေရေးရုပ်သံလိုင်း ထည့်သွင်းထုတ်လွှင့်လို**

New Image Trading Co.,Ltd မှ တာဝန်ရှိသူက လည်း MRTV DTH တွင် ဖျော်ဖြေရေးရုပ်သံလိုင်းတစ်ခု ထည့်သွင်းထုတ်လွှင့်လိုပါကြောင်း၊ မိမိတို့ရုပ်သံလိုင်းအနေဖြင့် မြန်မာပြည်တွင်း ရုပ်ရှင်ရုံများ၏ တိုးတက်နှုန်းနှေးကွေးလာခြင်းအပေါ် တတ်အားသရွေ့ အားဖြည့်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော တီထွင်ဆန်းသစ်မှုနှင့် ပရောဂျက်ဝန်ဆောင်မှုများကို ရှာဖွေနေသည့် ဖောက်သည်များအတွက် ပထမဦးဆုံးသောရွေးချယ်မှုဖြစ်လာရန်၊ ထိပ်တန်းရုပ်ရှင်နှင့် ဖျော်ဖြေရေးနေရာအဖြစ် မြန်မာနိုင်ငံတစ်ဝန်း အသိအမှတ်ပြုခံရစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က အစီအစဉ်၊ နည်းပညာနှင့် ဘဏ္ဍာရေးကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ရုပ်သံနှင့် ရေဒီယို/အက်ဖ်အမ်အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်လျက်ရှိရာ ရုပ်သံအစီအစဉ်များကို DVB/T–2 စနစ်ဖြင့် ထုတ်လွှင့်မှုအပြင် DTH စနစ်ဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ In–house Channel များဖြင့်သာ ထုတ်လွှင့်ခဲ့ရာမှ ယခုအခါပုဂ္ဂလိက Channel များလည်း ထည့်သွင်းထုတ်လွှင့်မှုဖြင့် ရုပ်သံမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယမြို့တော်ဝန် ဦးမောင်မောင် နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် ပျဉ်းမနားမြို့ရှောင်လမ်း အကြား H1 လမ်းဘေး၌ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်ဘေး၌ ပန်းခြံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယမြို့တော်ဝန်သည် H1 လမ်းဘေး၌ အရိပ်ရခရေ၊ ပိတောက်နှင့် ပန်းမဲဇလီပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) အပင်များ ရှင်သန်ကြီးထွားစေရန်နှင့် ရေပြတ်လပ်မှုမရှိစေရန် စနစ်တကျ ရေလောင်းရန်၊ တိရစ္ဆာန်များကြောင့် ပျက်စီးမှုမဖြစ်ပေါ်စေရေး Tree Guard များ ပြုလုပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကန်တော်မင်္ဂလာရှမ်းကန်ဘေး၌ ဆောင်ရွက်နေသည့် ပန်းခြံအတွင်း အလှပန်းပင်နှင့် အလှမြက်ခင်းများ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အေးချမ်းစွာ အပန်းဖြေ အနားယူနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ရန်နှင့် မင်္ဂလာကန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ကာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၇**
နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူး ကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အင်ဂျင်နီယာကျောင်းသားလူငယ်များအား ကြိုတင်ပြင်ဆင်ပေးနိုင်ရန်နှင့် အင်ဂျင်နီယာအဖွဲ့အစည်းများအား ခိုင်မာသည့်စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိစေရန် အစဉ်အားထုတ်ရမည်

**နေပြည်တော် ဇူလိုင် ၂၇**
အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်နိုင်စေရေး ရည်ရွယ်ကျင်းပသည့် International Conference on Engineering Education Accreditation 2023 (ICEEA 2023) အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာနရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးဆိုင်ရာ ဦးဆောင်ပုဂ္ဂိုလ်များ၊ the Washington Accord of the International Engineering Alliance (IEA)၊ the World Federation of Engineering Organizations (WFEO)၊ the Federation of Engineering Institutions of Asia and the Pacific (FEIAP)၊ Engineers Australia (EA) IEET CAST Board of Engineers Malaysia (BEM)၊ Pakistan Engineering Council (PEC)၊ Institute of Engineers Malaysia (IEM)၊ Institute of Engineers Singapore (IES)၊ Philippine Council (PTC) နှင့် ပြည်တွင်းရှိ ပညာရေးနယ်ပယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာ ပညာရေး၌ အင်ဂျင်နီယာ ပညာရပ်များအပြင် လူမှုရေးနှင့် သိပ္ပံပညာရပ်များကိုပါ ထည့်သွင်းသင်ကြားမည့် နည်းစနစ်ကို အထူးအလေးပေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အင်ဂျင်နီယာ ကျောင်းသားလူငယ်များအား ကြိုတင်ပြင်ဆင်ပေးနိုင်ရန်နှင့် မိမိတို့၏ အင်ဂျင်နီယာ အဖွဲ့အစည်းများအား ခိုင်မာသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် အစဉ်အားထုတ်ရမည် ဖြစ်ပါကြောင်း၊ ယနေ့ကွန်ဖရန့်မှနေ၍ 2030 Agenda နှင့် လျော်ညီသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် သတ်မှတ်ချက်များ ချမှတ်နိုင်မည့် နည်းလမ်းအသစ်များကို ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အင်ဂျင်နီယာ ပညာရေးဖြင့် 2030 Agenda အား အပြည့်အဝ အကောင်အထည်ဖော် ဆောင်လျက်ရှိသည့် ခရီးစဉ်တွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုအပြင် ကဏ္ဍစုံမှ အမြင်များကို ဝေမျှ၍ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုများဖြင့် ရှေ့ဆက်လုပ်ဆောင်သွားရန် အရေးကြီးပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် တက်ရောက်လာသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ပညာရှင်များက သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးခဲ့မှုရလဒ်များအပေါ် အခြေခံ၍ တက်ရောက်လာသူများက စာတမ်းများ တင်သွင်းဖတ်ကြားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**
တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ၂၀၂၃ ခုနှစ် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးသည့် ငါးသားပေါက်များကို ဝန်ကြီးဌာနရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ဦးစွာ စိုက်ထည့်ပေးကြပြီး **(ဝဲပုံ)** အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးသားပေါက် ကောင်ရေ စုစုပေါင်း၇၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေး အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၁ ဒသမ ၃၅၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကို အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

**သတင်းစဉ်**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ဆိုက်ဘေးရီးယန်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (Siberian Association for International Cooperation)ဥက္ကဋ္ဌ မစ္စတာပါးဗျော အော်စတာဖျော့ဟော်ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ကမ်းခြေခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံရှိ ခရီးသွားကုမ္ပဏီများနှင့် မြန်မာနိုင်ငံရှိ ခရီးသွားကုမ္ပဏီများအကြား အွန်လိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်၍ ခရီးသွားများ အပြန်အလှန် သွားလာလည်ပတ်မှု မြှင့်တင်နိုင်ရေး၊ နိုဗိုစီဗစ်မြို့နှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်ရေး၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းသာမက အခြားစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှုများတွင် အကူအညီပေးရေး၊ Welcome Russia Program in Myanmar အစီအစဉ် ဆောင်ရွက်နေမှုနှင့် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်များ (Familiarization –FAM Trip) စီစဉ်ဆောင်ရွက်နေမှု အခြေအနေများ၊ ရုရှားခရီးသွားဧည့်သည်များ လာရောက်ရာတွင် ငွေကြေးသုံးစွဲမှု အဆင်ပြေစေရေးနှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားမြှင့်တင်ရေးအတွက် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၇**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လှိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကား ပြောကြားပြီး **(အပေါ်ပုံ)** အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၇**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဂုံးချွိန်ကျေးရွာအုပ်စုရှိ ရေးဟောင်းသမိုင်းဝင် ကျောက်တစ်လုံးဘုရားနှင့် ကျောက်တစ်လုံးဘုန်းတော်ကြီးကျောင်းတို့၌ ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများကို တိုင်းရင်း



ဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးဝေလှူဒါန်းခဲ့သည်။ ယင်းနောက် ကျောက်တစ်လုံး၊ မဟာဗောဓိတပ်ဦးကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဘာသအား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက် မြို့မဓမ္မာရုံ၌ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်းတို့မှ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အမှတ်(၅)တောင်ရပ်ကွက်ရှိ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနေသော ကန်တော်ကြီးအား ရေပေးဝေနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး မြို့သစ်တောင်ရပ်ကွက်ရှိ မြို့မအားကစားကွင်းတွင် အားကစားပြိုင်ပွဲကျင်းပနိုင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များ ရှင်းလင်းပေးခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး **(ဝဲပုံ)** လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝိသမလောဘသားနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု

ဇင်ငြိမ်း

### ကြီးမားသောအကျိုးဆက်

မိသားစုတိုင်း နေ့စဉ် မဖြစ်မနေ ကြုံရတာတစ်ခုကတော့ ကုန်ဈေးနှုန်းပါပဲ။ နံနက်မိုးလင်းကနေ မိုးချုပ်အထိ မိသားစုအတွက် တစ်နေ့တာကုန်ကျစရိတ်တွေဆိုတာက ကုန်ဈေးနှုန်းအတက်/အကျအပေါ် မူတည်နေပါတယ်။ ကုန်ဈေးနှုန်း အတက်/အကျအလိုက် မိသားစုရဲ့နေထိုင်မှုစရိတ်တွေ တိုးနေပါတယ်။ ကုန်ဈေးနှုန်းတွေက တစ်ရက်နဲ့ တစ်ရက် မတူပါဘူး။

ကုန်ဈေးနှုန်းတိုးလာတိုင်း မိသားစုထွက်ငွေတွေများလာလို့ အိမ်တစ်အိမ်ရဲ့ဝင်ငွေနဲ့ ထွက်ငွေကို မညီမမျှဖြစ်စေပါတယ်။ မိသားစုဝင်ငွေ တိုးမလာပေမယ့် ထွက်ငွေတွေကတော့ တိုးနေပါတယ်။ ကုန်ဈေးနှုန်းက ဝင်ငွေကောင်းတဲ့မိသားစုတွေအတွက်တော့ မထောင်းတာပါဘူး။ ဒါပေမယ့် ဝင်ငွေနည်းမိသားစုတွေ၊ လခစားမိသားစုတွေနဲ့ လက်လုပ်လက်စား ရပ်တည်နေကြရတဲ့သူတွေအတွက်တော့ ကုန်ဈေးနှုန်းတိုးမြင့်မှုဟာ အဓိကအကျပ်အတည်းတစ်ခုပါပဲ။

မိသားစုဦးရေများတဲ့ အိမ်ထောင်စုတွေမှာဆိုရင် စားစရိတ်၊ ကျန်းမာရေး၊ ပညာရေးစရိတ်တွေနဲ့ ရုန်းကန်နေကြရပါတယ်။ ဒ့ါအပြင် မိသားစုတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံစားကုန်နဲ့ လူသုံးကုန်ပစ္စည်းဈေးနှုန်းတွေ တရိပ်ရိပ်မြင့်တက်နေတာက လူထုကို တိုက်ရိုက်ထိခိုက်တဲ့အပြင် နိုင်ငံ့စီးပွားရေးကိုလည်း ထိခိုက်စေပါတယ်။ အဲဒီလိုကုန်ဈေးနှုန်းမြင့်တက်တာတွေကြောင့် နိုင်ငံရေးကအစ လူမှုရေးအဆုံး အခြားကဏ္ဍတွေအပေါ်ကိုလည်း ထိခိုက်စေတာကြောင့်မို့ အကျိုးဆက်တွေက ကြီးမားကျယ်ပြန့်လှပါတယ်။

ကုန်ဈေးနှုန်းမြင့်တက်မှုဟာ မြန်မာနိုင်ငံမှာသာမကပါဘူး၊ ကမ္ဘာ့နိုင်ငံတွေမှာလည်း မြင့်တက်နေတာတွေ့ရပါတယ်။ ကုန်ဈေးနှုန်းမြင့်တက်တဲ့ဒဏ်ကို ချမ်းသာတဲ့နိုင်ငံတွေမှာ မသိသာပေမယ့် ဝင်ငွေနည်းနိုင်ငံတွေမှာတော့ ထိခိုက်မှုတွေရှိနေပါတယ်။ စက်သုံးဆီဈေးတွေ မြင့်တက်နေတာကြောင့် အခြားကုန်ပစ္စည်းဈေးနှုန်းတွေလည်း လိုက်တက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ ဖိမ်ခံပစ္စည်းတွေကစလို့ မရှိမဖြစ်နေ့စဉ်စားသောက်ကုန်တွေအထိ ဈေးနှုန်းတွေ ဆက်တိုက်မြင့်တက်နေပါတယ်။ ဆန်၊ ဆီ၊ ဆားလိုမျိုး အခြေခံစားသောက်ကုန်တွေရဲ့ ဈေးနှုန်းတွေဟာ တရိပ်ရိပ်မြင့်တက်နေတာကြောင့် မိသားစုဝင်ငွေနဲ့ ထွက်ငွေ မမျှတတာ၊ မလုံလောက်တာအပြင် လက်လှမ်းမမီတာတွေနဲ့ တွေ့ကြုံနေကြပါတယ်။

### မြင့်မားနေသော ကုန်ဈေးနှုန်း

ဒီကနေ့ဆိုရင် ကုန်ဈေးနှုန်းတွေဟာ အချိန်နဲ့အမျှ တက်ရိပ်ပြလို့နေပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစလို့ ကုန်ဈေးနှုန်းတွေ တရိပ်ရိပ်တက်နေတာ ဒီကနေ့အထိပါပဲ။ ၂၀၂၀ နှောင်းပိုင်းကစလို့ ကုန်ဈေးနှုန်းမြင့်တက်လာမှုဟာ ငွေကြေးဖောင်းပွတာကို တဖြည်းဖြည်းမြင့်တက်လာစေခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်း နေထိုင်မှုစရိတ်တွေဟာ ယခင်ကထက်စာရင် ၂၀၂၁ ခုနှစ် နှစ်ဆန်းကစလို့ မြင့်တက်လာခဲ့ပါတယ်။ အစားအစာနဲ့ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုဟာ ငွေကြေးဖောင်းပွမှုအတွက် အဓိကအကြောင်းရင်းတွေအဖြစ် တွေ့ရပါတယ်။ ဒ့ါအပြင် ကမ္ဘာ့စီးပွားရေးအပေါ် မျှော်မှန်းချက် အားနည်းနေချိန်၊ ငွေကြေးဖောင်းပွမှု မြင့်မားနေချိန်နဲ့ မသေချာမရေရာမှုတွေ များပြားနေချိန်မှာ ကမ္ဘာ့နိုင်ငံတွေမှာ ပြင်းထန်တဲ့ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရတယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။

ကိုဗစ်-၁၉ ရဲ့ အကျိုးဆက်တွေအပါအဝင် ယူကရိန်းစစ်ပွဲ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနဲ့ မိုက်ခရိုစီးပွားရေးအခြေအနေတွေ မြန်မြန်ဆန်ဆန်ပြောင်းလဲလာတာစတဲ့ အခြေခံအကြောင်းရင်းတွေဟာ ကမ္ဘာ့စီးပွားရေးအခြေအနေကို ထိခိုက်စေလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားလို့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် စီးပွားရေးပြန်လည်နာလန်ထူနိုင်အောင် ရုန်းကန်နေရဆဲမှာ ရုရှား-ယူကရိန်းပဋိပက္ခဟာ ကမ္ဘာ့စီးပွားရေးကို ပိုမိုထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကုန်ဈေးနှုန်း ကြီးမြင့်တဲ့ဒဏ် ခံရမယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုမိုထိခိုက်မယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာတဲ့အတွက် အခြားဆက်စပ်ကဏ္ဍတွေရဲ့ ကုန်ဈေးနှုန်းတွေမှာလည်း မြင့်တက်နေပါတယ်။ အဲဒီရဲ့အကျိုးဆက်တွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပြည်သူတွေ ရင်ဆိုင်နေကြရပါတယ်။

> **ငွေကြေးဖောင်းပွမှုဟာ အချိန်ကာလတစ်ခုအတွင်းမှာ ကုန်ဈေးနှုန်းမြင့်တက်ခြင်းလို့ ဆိုပါတယ်။ နိုင်ငံတစ်နိုင်ငံအတွင်းမှာ ငွေကြေးဖောင်းပွမှုရဲ့ အကျိုးသက်ရောက်မှုဟာ သာမန်အားဖြင့် နေထိုင်မှုစရိတ်တွေ မြင့်တက်တာ၊ ဒါ့မမဟုတ် အလုံးစုံကုန်ဈေးနှုန်း မြင့်တက်တာတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေပါတယ်။ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် မတည်ငြိမ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်လည်း အမေရိကန်သမ္မတဟောင်းဖြစ်တဲ့ Gerald Ford က ငွေကြေးဖောင်းပွမှုဟာ ပြည်သူလူထုရဲ့ နံပါတ်တစ် ရန်သူဖြစ်တယ်လို့ ၁၉၇၄ ခုနှစ်က ပြောကြားခဲ့ဖူးပါတယ်**

### ဝန်ထုပ်ဝန်ပိုးဖြစ်

ကုန်ဈေးနှုန်းမြင့်တက်မှုဟာ ကမ္ဘာ့အနှံ့ဆိုပေမယ့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကျိုးသက်ရောက်တာချင်းတော့ မတူညီပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ခံနိုင်ရည်ရှိကြပေမယ့် ဆင်းရဲနွမ်းပါးတဲ့နိုင်ငံတွေမှာ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ဒဏ် ခံနိုင်ရည်အားနည်းကြပါတယ်။ ဒါကြောင့် ဝင်ငွေနည်းနိုင်ငံတွေက ပြည်သူတွေဟာ ကုန်ဈေးနှုန်းကြီးမြင့်လာတဲ့အတွက် နေ့စဉ်နေထိုင်စားသောက်စရိတ်ဟာ ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။ စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်လာတာနဲ့အတူ သယ်ယူပို့ဆောင်ရေးစရိတ်တွေ မြင့်တက်လာပြီး အခြားကုန်ပစ္စည်းဈေးနှုန်းတွေလည်း မြင့်တက်လာပါတယ်။ အထူးသဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းမြင့်တက်လာမှုဟာ အခြေခံလူတန်းစားတွေရဲ့ နေ့စဉ်ဘဝတွေမှာ အကျပ်အတည်းတွေနဲ့ ဖြတ်သန်းနေကြရပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် အဓိကအခြေခံစားကုန်ဖြစ်တဲ့ဆန်ဈေးနှုန်းတွေ အရင်ကထက် ပိုမိုမြင့်တက်နေပါတယ်။ ဆန်စပါးဟာ ပြည်တွင်းထွက်ကုန်ဆိုပေမယ့် အခြားနိုင်ငံခြားသွင်းကုန်တွေလိုပဲ ဈေးနှုန်းမြင့်တက်ပါတယ်။ ဆန်စပါးဈေးနှုန်းမြင့်တက်ရတဲ့အကြောင်းရင်းတွေထဲမှာ သယ်ယူစရိတ်၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်၊ လုပ်သားစရိတ်စတဲ့ အထွေထွေစရိတ်မြင့်တက်တာတွေ ပါပါတယ်။ အဲဒီအကြောင်းရင်းတွေအပြင် ကုန်သည်ပွဲစားတွေရဲ့ဈေးကစားတာ၊ အမြတ်ကြီးစားတာတွေကလည်း ဆန်စပါးဈေးနှုန်းကို ဖြစ်သင့်တာထက်ပိုပြီး ဈေးနှုန်းမြင့်မားစေပါတယ်။ ဆန်စပါးလိုပဲ အခြားပြည်တွင်းထွက်ကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်တွေလည်း မြင့်တက်နေပါတယ်။

လူတန်းစားအားလုံးအတွက် မရှိမဖြစ်အခြေခံစားကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေဟာ ဖြစ်သင့်တဲ့ဈေးနှုန်းထက် မြင့်တက်နေတဲ့အတွက် အခြေခံလူတန်းစားတွေနဲ့ လက်လုပ်လက်စားပြည်သူတွေအတွက် တစ်နေ့တခြား ဆင်းရဲတွင်းပိုမိုနက်ရှိုင်းစေလျက်ရှိပါတယ်။

### အကျိုးသက်ရောက်မှု

ငွေကြေးဖောင်းပွမှုဟာ အချိန်ကာလတစ်ခုအတွင်းမှာ ကုန်ဈေးနှုန်းမြင့်တက်ခြင်းလို့ ဆိုပါတယ်။ နိုင်ငံတစ်နိုင်ငံအတွင်းမှာ ငွေကြေးဖောင်းပွမှုရဲ့ အကျိုးသက်ရောက်မှုဟာ သာမန်အားဖြင့် နေထိုင်မှုစရိတ်တွေ မြင့်တက်တာ၊ ဒါမှမဟုတ် အလုံးစုံကုန်ဈေးနှုန်း မြင့်တက်တာတွေအထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေပါတယ်။ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် မတည်ငြိမ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်လည်း အမေရိကန်သမ္မတဟောင်းဖြစ်တဲ့ Gerald Ford က ငွေကြေးဖောင်းပွမှုဟာ ပြည်သူလူထုရဲ့ နံပါတ်တစ်ရန်သူဖြစ်တယ်လို့ ၁၉၇၄ ခုနှစ်က ပြောကြားခဲ့ဖူးပါတယ်။

အခုဆို မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ မြင့်တက်ပြီး နေထိုင်စားသောက်စရိတ်တွေ မြင့်တက်လာပေမယ့် လုပ်ခလစာနဲ့ ဝင်ငွေတွေ တိုးမလာတဲ့အတွက် ဝင်ငွေနဲ့ထွက်ငွေ မျှတမှုမရှိဘဲ ဖြစ်နေကြပါတယ်။ ပြည်သူလူထုရဲ့ အကျပ်အတည်း အကျိုးဆက်တွေဟာ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးတွေအထိ ထိခိုက်စေပါတယ်။ ကုန်ဈေးနှုန်းမြင့်မားတာ အချိန်ကြာလာတာနဲ့အမျှ ဘေးထွက်ဆိုးကျိုးတွေက ပိုမိုနက်ရှိုင်းလာပါလိမ့်မယ်။ ဒါကြောင့် ကုန်ဈေးနှုန်းမြင့်မားစေတဲ့အကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းဖို့လိုပါတယ်။

### ဝိသမလောဘ

ကုန်ဈေးနှုန်းတက်ရတဲ့ အကြောင်းရင်းတွေ အများကြီးရှိပါတယ်။ အဲဒီထဲမှာ ဝိသမလောဘသားတွေရဲ့ အမြတ်ထုတ်မှုလည်း ပါပါတယ်။ မတော်လောဘနဲ့ ဝိသမလောဘဆိုတာကတော့ အမြဲလိုလို တွေ့ရတတ်တဲ့ လူ့သဘာဝတွေထဲက တစ်ခုပါ။ ဝိသမလောဘဆိုတာကတော့ ဝိသမ လောဘာဘိဘူတာ၊ ဝိသမလောဘဟာ သူတစ်ပါးထံကနေ မတရားသဖြင့် လိုသည်ထက်ပိုပြီး အလွန်အကျွံလောဘရမ္မက်ကြီးစွာ ရယူလိုချင်တဲ့လောဘလို့ ဆိုပါတယ်။ ဝိသမလောဘရဲ့ သဘောမှာ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်သဘောထားရှိတတ်ကြပါတယ်။ ဝိသမလောဘသမားတွေဟာ ကျင့်ဝတ်၊ ဂုဏ်သိက္ခာ၊ ကိုယ်ချင်းစာတရားနဲ့ ဥပဒေလေးစားလိုက်နာမှုဆိုတာတွေ မရှိကြပါဘူး။ ဝိသမလောဘနဲ့ပတ်သက်လို့ အင်္ဂုတ္တရနိကာယ်တိကနိပါတ်ပလောကသုတ်မှာ လူတွေရဲ့ မတရားအဓမ္မလောဘနဲ့ တပ်မက်မှုတွေကြောင့် မြို့၊ ရွာတွေ ပျက်စီးခြင်းရောက်ရပုံကို မြတ်စွာဘုရားက ဟောကြားထားပါတယ်။

ဝိသမလောဘများတဲ့သူတွေဟာ အခြားသူတွေကို ပျက်စီးစေရုံမကပါဘူး၊ မိမိကိုယ်မိမိလည်း ပျက်စီးစေပါတယ်။ ငယ်စဉ်က သင်ယူခဲ့ရတဲ့ ရွှကုန်သည်ဟာ အခြားသူထံကပစ္စည်းကို မတော်လောဘနဲ့ ရယူလိုတဲ့ဆန္ဒ ပြင်းထန်တာကြောင့် သူကိုယ်တိုင်ဒုက္ခရောက်ခဲ့ရပါတယ်။ လူရဲ့သဘာဝအရ လူတိုင်းဟာ လောဘနဲ့မကင်းနိုင်ကြပါဘူး။ လောဘနည်းတာနဲ့ များတာတော့ ကွာခြားပါတယ်။ ဒါပေမယ့် ဝိသမလောဘသမားတွေကတော့ အခြားသူတွေထက် လောဘများလေ့ရှိကြပြီး သူတို့ရဲ့အတ္တတစ်ခုတည်းအတွက်ကိုပဲ ရှေ့တန်းတင်စဉ်းစားလုပ်ကိုင်လေ့ရှိပါတယ်။ ဒါကြောင့်လည်း ကိုဗစ် – ၁၉ ကြောင့် လူတွေအခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရချိန်မှာတောင် ဝိသမစီးပွားရေးသမားတွေဟာ ဒုက္ခရောက်နေတဲ့သူတွေဆီကနေ ရသမျှအမြတ်ထုတ်ခဲ့ကြပါတယ်။

### တားဆီးကာကွယ်

မြန်မာနိုင်ငံဟာ လတ်တလောမှာ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေနဲ့ ရုန်းကန်နေရပါတယ်။ ဒီလိုအခြေအနေမှာ မတရားလောဘနဲ့ ငွေကြေးဈေးနှုန်း၊ ရွှေဈေးနှုန်း၊ စက်သုံးဆီဈေးနှုန်း၊ လူသုံးကုန်နဲ့ မရှိမဖြစ်အခြေခံစားသောက်ကုန်ဈေးနှုန်းတွေကို ဖြစ်သင့်တာထက် ကုန်ဈေးနှုန်းတွေ မြှင့်ပြီး အမြတ်ထုတ်နေကြရင် အကျပ်အတည်းတွေကနေ ရုန်းကန်ဖို့ ပိုပြီးခက်ခဲနေပါလိမ့်ဦးမယ်။ အခုဆိုရင် ငွေကြေးဖောင်းပွမှုအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၂၇ ဒသမ ၅၁ ရာခိုင်နှုန်းရှိကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ စာရင်းတွေအရ သိရပါတယ်။

ဒါပေမယ့် ဝိသမလောဘသားတွေကတော့ နိုင်ငံရဲ့အကျပ်အတည်းနဲ့ ငွေကြေးအကျပ်အတည်းတွေကို အသုံးချပြီး ပြည်သူလူထုဆီကနေ အမြတ်ထုတ်ဖို့ ကြိုးပမ်းနေကြဆဲပါ။ အဲဒီလိုသာ ကုန်ဈေးနှုန်းတွေကို ဖြစ်သင့်တာထက်ပိုပြီး ဈေးနှုန်းတင်တာ၊ ဈေးကစားတာ၊ ထိန်းချုပ်တာနဲ့ အမြတ်ကြီးစားပြီး ကုန်ဈေးနှုန်းတွေ တက်ပြီးရင်းတက်နေရင် နိုင်ငံရဲ့လက်ရှိအကျပ်အတည်းတွေကို ပိုပြီးနက်ရှိုင်းစေပါလိမ့်မယ်။ ဒါကြောင့် ကုန်ဈေးနှုန်းတက်ရတဲ့အခြားအကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်သလို တစ်ဖက်မှာလည်း လတ်တလောအခြေအနေကို အမြတ်ထုတ်ဖို့ ကြိုးစားနေကြတဲ့ ဝိသမလောဘသားတွေကိုလည်း ဟန့်တားဖို့လိုပါတယ်။ ဒါမှ ကုန်ဈေးနှုန်းကို ထိန်းသိမ်းနိုင်မှာပါ။ ကုန်ဈေးနှုန်းတွေဆိုတာက ပြည်သူတွေရဲ့ နေ့စဉ်လူမှုစီးပွားဘဝနဲ့ ဆက်စပ်နေတာမို့ ကုန်ဈေးနှုန်းကျဆင်းလာတာနဲ့အမျှ လူထုရဲ့နေ့စဉ်ဘဝတွေကို တိုက်ရိုက်အကျိုးရှိစေပါလိမ့်မယ်။ ။

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် မြိတ်မြို့ရှိ အအေးခန်းစက်ရုံများ ကွင်းဆင်းကြည့်ရှု



**မြိတ် ဇူလိုင် ၂၇**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိပြီး အင်းလေးမြိုင်စက်မှုဇုန်ရှိ အဆောင်ကောင်း စက်မှုလုပ်ငန်းများကုမ္ပဏီ၊ Vantage ကုမ္ပဏီ၊ ထူးထူးတိုးကုမ္ပဏီပိုင် အအေးခန်းစက်ရုံနှင့် ငါးအသားလွှာစက်ရုံ၊ ငါးအမှုန့်ကြိတ် စက်ရုံများသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အလုပ်သမားရေးရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှု၊ အလုပ်သမား အဖွဲ့အစည်းနှင့် စက်ရုံတွင်း အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေး ကော်မတီ (WCC) ဖွဲ့စည်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးခြင်းဖြင့် လုပ်သားများ၏ လူမှုစီးပွားဘဝကို တိုးတက်စေနိုင်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက်များစွာ အထောက်အပံ့ ရရှိစေနိုင်သဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများကို လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး **(အောက်ဝဲပုံ)** ပထော်၊ ပထက်ကျေးရွာရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် အောင်မြတ်ဖြိုးကုမ္ပဏီပိုင် အအေးခန်းစက်ရုံ၊ ငါးအမှုန့်ကြိတ်စက်ရုံ၊ ကဏန်းပျော့ မွေးမြူရေး လုပ်ငန်းနှင့် သစ်အချောထည် စက်ရုံများသို့ လှည့်လည်ကြည့်ရှု၍ အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းကျဆင်းစေရေး၊ မျှတသည့် အလုပ်သမားရေးရာ ဆက်ဆံမှု ထူထောင်နိုင်ရေး၊ အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC) နှင့် အလုပ်သမား အဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ တဲဟုန်ပြည်နယ်ခွဲတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ တဲဟုန်ပြည်နယ်ခွဲတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ ဦးဆောင်သည့် အဖွဲ့နှင့် ဘာသာရပ်တာဝန်ခံများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရ အုပ်ချုပ်ရေးမှူး Mr. Wei Gang ဦးဆောင်သောအဖွဲ့တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံအကြား နယ်စပ်ဂိတ်များ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကဏ္ဍများတွင် နှစ်နိုင်ငံ ပိုမိုပူးပေါင်း ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ပို့ကုန်တိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ခုနစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူ အပါအဝင် ဆရာ ဆရာမငါးဦး စုစုပေါင်း ခုနစ်ဦးတို့အား ဇူလိုင် ၂၀ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့အပြင် ဇူလိုင် ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ် လူငယ်၊ မောင်မယ်များအား ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် (၇)ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင်လ (၂၀)ရက်နေ့တွင် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင်လ (၂၂)ရက်နေ့တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးအားလည်း လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်လုပ်ကြံသွားကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏ သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး၊ စုစုပေါင်း ၇ ဦးတို့အား ဇူလိုင်လ ၂၀ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဇူလိုင်လ ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်လုပ်ကြံခြင်း စသည့် လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်နေသော PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု၊ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲတက်ရောက်



စစ်တွေ ဇူလိုင် ၂၇

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတိုက်၊ နန္ဒာရာမဘုန်းတော်ကြီးကျောင်းတိုက်အတွင်းတို့၌ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မိုခါမုန်တိုင်းသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် သာသနာရေးဆိုင်ရာ အဆောက်အဦများ ပြုပြင်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကြသည်။ အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အောင်ချမ်းသာကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒနှင့် တပည့်များက ငွေကျပ်သိန်း ၁၀၀၊ လပွတ္တာမြို့နယ် ဆန်စက်လုပ်ငန်းပိုင်ရှင် ဦးသန်းဦး ဇနီး ဒေါ်ခင်ပြုံးရီတို့က ငွေကျပ် ငါးသိန်း၊ ဇေ်ဂေလိ(အေဂျီ) အသင်းတော်များ အထွေထွေသာသနာကောင်စီက ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံဆိုင်ကယ်ကုန်သည်ကြီးများအသင်းက ငွေကျပ် ၁၂၅၀၀၀၀၀၊ ထိုင်းနိုင်ငံ ခွန်ကန်မြို့ ဒယ်ချား ငါးဖမ်းပိုက်စက်ရုံမှ မြန်မာနိုင်ငံသား ဦးနိုင်ဦးအပါ ၁၁ ဦးက ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရှုခင်းသာလမ်း (စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်လမ်းဆုံအထိ) ပေ ၁၂၉၀၀ လမ်းပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ လမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က လမ်းအပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးနေမှုနှင့် လမ်းတိုးချဲ့ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွိုင့်အပန်းဖြေစခန်း ပြန်လည်ပြုပြင်နေမှု၊ ရှုခင်းသာလမ်းတစ်လျှောက် လမ်းအပိုင်းအလိုက် ပြုပြင်နေမှု၊ ကမ်းခြေသန့်ရှင်းသာယာရေး ဆောင်ရွက်နေမှု၊ ဒီရေတောသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ အဆိုပါ အစည်းအဝေးခန်းမ၌ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ အလိုက် ပြန်လည်ထူထောင်ရေး ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ – ဝင်းမင်းစိုး(ပြန်/ဆက်)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများအောင်မြင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံ၏ ပြည်ပစားသုံးဆီ တင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကောင်း စားသုံးဆီများ ထုတ်လုပ်ရန် အဆင့်မီဆီစက်များလည်း လိုအပ်သဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ချေးငွေစိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေး (Monitoring and Evaluation)အဖွဲ့ခေါင်းဆောင်ဖြစ်သော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဆီစက်လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် စစ်ဆေးသည်။ **(အပေါ်ပုံ)**

အမြဲတမ်းအတွင်းဝန် သည် တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာရှိ ကျော်သန်းဆီစက်၊ ခရမ်းစပ်ကုန်းကျေးရွာရှိ စိန်စီဆီစက်နှင့် ဆရာစံရပ်ကွက်ရှိ ရန်နိုင်ဆီစက်တို့သို့ သွားရောက်ပြီး ချေးငွေထုတ်ယူပြီးစီးမှုအခြေအနေ၊ ချေးငွေစီမံချက်ပါအတိုင်း ဆီစက်လုပ်ငန်းတွင် အမှန်တကယ်လိုက်နာသုံးစွဲမှု ရှိ/မရှိ တို့ကို ကြီးကြပ်စစ်ဆေးကာ လုပ်ငန်းအခက်အခဲများအပေါ် ဌာနဆိုင်ရာများနှင့်အတူ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာများ တွေ့ဆုံပွဲနှင့် စာပေဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဇူလိုင် ၂၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာများ တွေ့ဆုံပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ/ဆရာမကြီးများ တွေ့ဆုံမိတ်ဆက်ခြင်းကို လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား) Book Club ခန်းမ၌ ကျင်းပရာ ဒေသခံစာရေးဆရာ၊ ဆရာမများက တစ်ဦးချင်းမိတ်ဆက်ကြပြီး စာပေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ စာပေဟောပြောပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာပေဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လူထုအခြေပြုဗဟိုဌာန၌ သင်တန်းများ ဖွင့်လှစ်သင်ကြားမှု၊ စာဖတ်ဝိုင်းများ ကျင်းပဆောင်ရွက်မှု၊ အစည်းအဝေး/ဆွေးနွေးပွဲများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က ရင်းနှီးချစ်ခင် နိုင်ငံ့ဂုဏ်အင်မြှင့်တင်ရေးဆိုင်ရာများကိုလည်းကောင်း **(အောက်ပုံ)**၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၁)၊ အမျိုးသားစာပေဆုရှင် ဦးမျိုးထွန်း(မောင်စိမ်းနောင်–လယ်ဝေး)က ပြည်သူများ သတင်းအဆိပ်သင့်မှုမှ ကင်းဝေးစေရေးဆိုင်ရာများကို လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတိပြုရှောင်ရှားသင့်သည့် သတင်းတု၊ သတင်းမှားများကဏ္ဍကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် စာရေးဆရာများ တွေ့ဆုံပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ Book Club များမှ အဖွဲ့ဝင်များ၊ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ/ဆရာမများ၊ ကဗျာဆရာများနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်


**နေပြည်တော် ဇူလိုင် ၂၇** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## ပါလက်စတိုင်းသမ္မတ၊ ဟားမားစ်ခေါင်းဆောင်တို့နှင့် တူကီယဲသမ္မတတွေ့ဆုံ

**အန်ကာရာ ဇူလိုင် ၂၇**

တူကီယဲသမ္မတ ရီဆက်တေရစ် အာဒိုဂန်သည် ဇူလိုင် ၂၆ ရက်က တူကီယဲမြို့တော် အန်ကာရာတွင် ပါလက်စတိုင်းသမ္မတ မာမွတ် အဘတ်စ်၊ ဟားမားစ်အဖွဲ့ ခေါင်းဆောင်အစ္စမေးဟာနီယာ့တို့နှင့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်ဟု သိရသည်။

ယင်းနေ့မတိုင်မီက အဘတ်စ်နှင့် ဆွေးနွေးပွဲပြုလုပ်ပြီးနောက် ယခုလို တံခါးပိတ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တူကီယဲသည် ပါလက်စတိုင်းအရေးကိစ္စကို ထောက်ခံပြီး ပါလက်စတိုင်းတို့၏ ပိုင်ဆိုင်မှုများကို ကူညီထောက်ပံ့ပေးမည် ဖြစ်ကြောင်း အာဒိုဂန်က ပြောသည်။




ဟားမားစ်အဖွဲ့ခေါင်းဆောင်၊ ပါလက်စတိုင်းသမ္မတနှင့် တူကီယဲသမ္မတတို့ကို တွေ့ရစဉ်။ (ဝဲမှယာ)

ပါလက်စတိုင်းတို့၏ စည်းလုံးညီညွတ်မှုနှင့် ပြန်လည်သင့်မြတ်ရေးမှာ အရေးကြီးကြောင်း ၎င်းက ဆက်ပြောသည်။ ဟားမားစ်တို့က ဂါဇာကမ်းမြှောင်ဒေသကို သိမ်းယူပြီးနောက် ပါလက်စတိုင်းတွင် အတွင်းပိုင်းအကွဲအပြဲများ ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ**

## ဟွန်ဒါနှင့်အခြားသောကုမ္ပဏီ ခြောက်ခုတို့ ပူးပေါင်းကာ မြောက်အမေရိကတွင် လျှပ်စစ်ကား အားသွင်းကွန်ရက်များ တည်ဆောက်မည်

**တိုကျို ဇူလိုင် ၂၇**

ဂျပန်နိုင်ငံ မှ ဟွန်ဒါကားကုမ္ပဏီအပါအဝင် ကမ္ဘာပေါ်ရှိ ထိပ်တန်းကားကုမ္ပဏီကြီးခြောက်ခုတို့ ပူးပေါင်းကာ မြောက်အမေရိကတွင် လျှပ်စစ်ကား အားသွင်းရုံများကွန်ရက်ကို တည်ဆောက်သွားရန် ပြင်ဆင်နေသည်။

ဟွန်ဒါနှင့်အတူ မိတ်ဖက်ကားကုမ္ပဏီကြီး ခြောက်ခုမှာ BMW ၊ General Motors ၊ Hyundai ၊ Kia ၊ Mercedes-Benz နှင့် Stellantis တို့ဖြစ်ကြသည်။ ယခုနှစ်ကုန်ပိုင်းတွင် ကုမ္ပဏီကြီးတစ်ခု ပူးပေါင်းဆောင်ရွက်သွားရန် အဆိုပါအုပ်စုက ဇူလိုင် ၂၆ ရက်တွင် ပြောသည်။

၂၀၂၄ ခုနှစ် နွေရာသီတွင် အမေရိကန်ပြည်ထောင်စု၌ ပထမဆုံး အားသွင်းရုံ တည်ဆောက်သွားရန် မျှော်မှန်းထားသည်။ အမေရိကန်နှင့် ကနေဒါတို့ရှိ ကျေးလက်နှင့် မြို့ပြတို့တွင် အားသွင်းရုံပေါင်း ၃၀၀၀၀ ထက်မနည်း တည်ဆောက်သွားရန် စီစဉ်ထားပြီး လျှပ်စစ်ကားစီးသူများအနေဖြင့် အချိန်မရွေး၊ နေရာမရွေး ၎င်းတို့လိုအပ်သည့်အချိန်တိုင်း အားသွင်းနိုင်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် လျှပ်စစ်ကားသစ်ရောင်းချရမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတိုးလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် သေဆုံးသူ ငါးဦးရှိလာ

**မနီလာ ဇူလိုင် ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် ရေကြီး မြေပြိုမှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ ဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ငါးဦးရှိလာပြီဟု ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအေဂျင်စီက ဇူလိုင် ၂၇ ရက်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဗန်းဂတ်ပြည်နယ်၌ လူလေးဦး မြေပြိုမှုကြောင့် သေဆုံးခဲ့ရပြီး ရီဇယ်ပြည်နယ်မှ တစ်ဦးလည်း မြေပြိုမှုကြောင့် သေဆုံးခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲမှု ကောင်စီကပြောသည်။

နိုင်ငံအတွင်းရှိ မုန်တိုင်းဒဏ်ခံ အချို့သောဒေသများတွင် နောက်ထပ်သေဆုံးမှုများရှိသည်ဟု ရဲများနှင့် မီဒီယာများက ဖော်ပြလာသည့်အတွက် သေဆုံးသူဦးရေမှာ ထပ်တိုးလာနိုင်သေးသည်။ တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ လူပေါင်း ၃၂၈၀၀၀ မှာ မုန်တိုင်းဒဏ်ခံစားရပြီး လူပေါင်း ၂၀၀၀၀ မှာ ယာယီခိုလှုံရေးစခန်းများတွင် နေထိုင်နေရသည်ဟု အေဂျင်စီက ပြောသည်။

ဒေါ့ဆူရီမှာ ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဝင်ရောက်သည့် ငါးကြိမ်မြောက်မုန်တိုင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးဒဏ် မကြာခဏခံစားရသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး နှစ်စဉ် မုန်တိုင်း ၂၀ ခန့်နှင့် ကြုံတွေ့ရလေ့ရှိပြီး အချို့သော မုန်တိုင်းများမှာ အဖျက်စွမ်းအားကြီးမားသည်။

၂၀၁၃ ခုနှစ်က စူပါတိုင်ဖွန်းမုန်တိုင်း ဟိုင်ရန် ဝင်ရောက်ခဲ့ပြီး လူပေါင်း ၇၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

**ဆင်ဟွာ**



## ကနေဒါတောမီးလောင်ကျွမ်းမှု ကာဗွန်တန်ချိန် ၁ ဘီလီယံကျော် ထုတ်လွှတ်

**အော့တဝါ ဇူလိုင် ၂၇**

ကနေဒါနိုင်ငံ၌ ပြင်းထန်သည့် တောမီးလောင်ကျွမ်းမှုမှ ကြီးမားသည့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုမှာ တန်ချိန် ၁ ဘီလီယံကျော်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

ကနေဒါနိုင်ငံ၌ တောမီးသည် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုက် ကဲ့သို့သော ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေပြီး ကမ္ဘာကြီး ပူနွေးလာမှုအပေါ် အကျိုးသက်ရောက်စေသည်။တောမီးများသည် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်တစ်ခုအဖြစ်သို့ ပြောင်းလဲလာမှုတစ်ခုဖြစ်ကြောင်း သုတေသီတစ်ဦးက ပြောကြားသည်။

ကနေဒါနိုင်ငံတစ်ဝန်း ဇူလိုင် ၂၆ ရက်အထိ တောမီးလောင်မှု ၄၇၇၄ ကြိမ် ဖြစ်ပွားခဲ့ပြီး တစ်စတစ်စတိုးလာသည့် မီးလောင်မှုဧရိယာမှာ ၁၂၀၀၀ စတုရန်းကီလိုမီတာကျော်ရှိကြောင်း ကနေဒါတောမီးစင်တာမှ သိရသည်။

မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုက် ထုတ်လွှတ်မှု၏ ဖန်လုံအိမ် သက်ရောက်မှုမှာ ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၁၁၀ သန်းခန့်နှင့် ညီမျှပြီး စုစုပေါင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၁ ဒသမ ၁၁ ဘီလီယံနှင့် ညီမျှကြောင်း သိရသည်။

**ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ မာရီကီနာမြို့၌ မုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသည်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

## အမေရိကန်နှင့် တာလီဘန် အမျိုးသမီးများ၏အခွင့်အရေးများအပါအဝင် ကိစ္စရပ်များကို ယခုလမကုန်မီ ဆွေးနွေးမည်

**ကဘူးလ် ဇူလိုင် ၂၇**

အမေရိကန်ပြည်ထောင်စုမှ ထိပ်တန်းအာဏာပိုင်များနှင့် တာလီဘန်မှ ကိုယ်စားလှယ်များ ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း၊ နှစ်ဖက်အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ၌ အမျိုးသမီးများ၏ အခွင့်အရေး အပါအဝင် ကိစ္စရပ်များကို ဆွေးနွေးရန် ယခုလမကုန်မီ ကာတာနိုင်ငံ ဒိုဟာမြို့၌ တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်နှင့် အာဖဂန်အမျိုးသမီးများ၊ မိန်းကလေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့သည် ကာဇက်စတန်နှင့် ကာတာနိုင်ငံတို့သို့ ဗုဒ္ဓဟူးနေ့မှ တနင်္လာနေ့အထိ သွားရောက်မည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် တရားမျှတခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် သိက္ခာရှိစွာ ပြုမူဆက်ဆံခြင်းကဲ့သို့သော အာဖဂန်နစ္စတန်နိုင်ငံအတွက် လူသားချင်းစာနာမှုအကူအညီများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

တာလီဘန်တို့သည် ၂၀၂၁ ခုနှစ်က အာဖဂန်နစ္စတန်နိုင်ငံ၌ အာဏာပြန်ရရှိပြီး အမျိုးသမီးများ အလုပ်လုပ်ခြင်းနှင့် ခြောက်တန်းပြီးနောက် မိန်းကလေးများကို ကျောင်းဆက်တက်ခြင်းမှ တားမြစ်ခဲ့ကြောင်း၊ ယခုလအစောပိုင်းကလည်း အဆိုပါအုပ်စုက အမျိုးသမီးများ၏ အလှပြင်ဆိုင်များကို တားမြစ်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၂၆ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Wai Yan" အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ ဝေယံအား ပုသိမ်ကြီးမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ခံ ဦးဆောင်သော ထုတ်နုတ် ပူးပေါင်းအဖွဲ့သည် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၉၃ မိုင် ၁ ဖာလုံအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးနှင့် ဘီးလင်းတိုးဂိတ်အနီး၌ ယာယီတားဆီးထားသည့် မော်တော်ယာဉ်သုံးစီးတို့အား စိစစ်၍ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပြောင်းအိတ် ၃၅၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၅၃၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head နှစ်စီး၊ Man Tractor Head တစ်စီး၊ Scania Tractor Head တစ်စီး၊ Chenglong Tractor Head တစ်စီး



နှင့် နောက်တွဲယာဉ်ငါးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၅၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ပုသိမ်- ရန်ကုန်ကားလမ်း ကိုးဆူကျေးရွာ စစ်ဆေးရေးဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Toyota Belta မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ရေစကြိုမြို့ အမှတ်(၇)ရပ်ကွက် မြို့အဝင် ဆိုင်းဘုတ်အနီး၌ တရားမဝင် စက်သုံးဆီ(ချက်ဆီ) ဂါလန် ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀)၊ အဆိုပါစက်သုံးဆီများ သယ်ဆောင်လာသည့် Jialing မော်တော်ဆိုင်ကယ်တစ်စီးနှင့် Canda မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၃၄၀) ကိုလည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၃ ဒသမ ၄၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၆၀၀) ကိုလည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင် အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၅၁၇ တန်နှင့် အခြားသစ် ၃ ဒသမ ၂၇၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၃၃၁၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၁၂၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၃ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၄၄၁၂၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## တရုတ်အမျိုးသားများထံရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၇**

အမျိုးသမီး လေးဦးကို တရုတ်အမျိုးသားများထံ ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် (၂၀) ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နေ ဒေါ်ခမ်းစိန်(ခ)မရှမ်းမ၊ ရှမ်းပြည်နယ် မူဆယ်မြို့နေ မခင်ချိုသက်၊ မခင်သူသူ (ခ)အကြီးမ၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နေ မဝင်းဝင်းတို့က မန္တလေးတိုင်းဒေသကြီးနေ မ ---၊ ၂၂ နှစ်၊ ဧရာဝတီတိုင်းဒေသကြီးနေ မ---၊ ၁၉ နှစ်၊ မ---၊ ၁၈ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီးနေ မ---၊ ၁၉ နှစ်တို့ကို တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း(၅၀) မှသိန်း(၁၀၀)ကျော်ခန့်အထိ ရရှိမည်ဟုပြောဆိုစည်းရုံးခေါ်ဆောင်၍ တရုတ်ယောကျ်ားများထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၁၂၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇(က)/၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် တရားခံ ဒေါ်ခမ်းစိန်(ခ)မရှမ်းမ ကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇(ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် (၂၀) သီးခြားစီကျခံစေရန်နှင့် တရားခံ မခင်ချိုသက်၊ မခင်သူသူ (ခ)အကြီးမနှင့် မဝင်းဝင်းတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် (၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပူတာအိုခရိုင်၌ ပေါင်းနှင့်ကြွက် ကာကွယ်နှိမ်နင်းရေး TOT ဆင့်ပွားသင်တန်းဖွင့်

**ပူတာအို ဇူလိုင် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တောင်သူများ စနစ်တကျ ပေါင်းကာကွယ်နှိမ်နင်းနည်းစနစ် သိရှိကျင့်သုံးတတ်စေရန်၊ သီးနှံပင်သက်တမ်းတစ်လျှောက် ကြွက်ဖျက်ဆီးမှုအန္တရာယ်ကြိုတင်ကာကွယ်တတ်စေရန်နှင့် ကြွက်ကျရောက်ဖျက်ဆီးမှုရှိပါက နှိမ်နင်းနည်းစနစ်များ သိရှိလိုက်နာကျင့်သုံးတတ်စေခြင်းအားဖြင့် သီးနှံပျက်စီးမှုနှင့် သီးနှံအထွက်နှုန်း ထိခိုက်မှုအတတ်နိုင်ဆုံးလျော့နည်းစေခြင်းအားဖြင့်တောင်သူ၏အကျိုးစီးပွားထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် ပေါင်းနှင့်ကြွက် ကာကွယ်နှိမ်နင်းရေး TOT ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွေးက စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် အချက်များကို သင်တန်းသားသင်တန်းသူများကို ရှင်းလင်းပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ကြွက်နှင့်ပေါင်း ကာကွယ်နှိမ်နင်းရေး TOT သင်တန်းအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်ခဲ့သည့် ပူတာအိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ လက်ထောက်ဦးစီးမှူး ဒေါ်မေရီက ပေါင်းနှင့်ကြွက်ကာကွယ်နှိမ်နင်းရေး သင်ခန်းစာများကို ဆင့်ပွားပို့ချပေးပြီး ခရိုင်ဦးစီးမှူး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံနှင့် ခရိုင်မျိုးစေ့တာဝန်ခံတို့က ဓာတ်မြေဩဇာ၊သဘာဝမြေဩဇာရောစပ်သုံးစွဲနည်း၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်း၊ မျိုးသန့်မျိုးစေ့ထုတ်လုပ် သုံးစွဲနည်းတို့ကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ တက်ရောက်သည့် ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပညာ ဝန်ထမ်း စုစုပေါင်း ၃၂ ဦးတို့ကို ဇူလိုင် ၂၆ ရက်မှ ၂၇ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ဘိုကလေးမြို့နယ်၌ လှေဖြင့်ပိုက်ဆွဲသွားသူ မိကျောင်းဆွဲခံရ

**ဘိုကလေး ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်သရော်ချောင်းကျေးရွာအုပ်စု ဘောဂဝတီကျေးရွာနေ ရေလုပ်ငန်းလုပ်ကိုင်သူ ကိုရဲနိုင် (၃၅)နှစ်သည် ဘောဂဝတီချောင်းအတွင်း ယမန်နေ့က ထောင်ထားသော ပိုက်များပြန်လည်ဖော်ရန်နှင့် ပိုက်ဆွဲရန် ယနေ့နံနက်ပိုင်းတွင် လှေဖြင့် သွားရောက်ခဲ့ရာ ဘောဂဝတီချောင်းအတွင်း၌ မိကျောင်းဆွဲခံခဲ့ရသည်။

ထို့ကြောင့် မိကျောင်းဆွဲခံရသူ ကိုရဲနိုင်၏ ရုပ်အလောင်းအား ကျေးရွာတာဝန်ရှိသူများနှင့် ဒေသခံရေလုပ်သားများမှ ချောင်းရိုးတစ်လျှောက်ရှာဖွေလျက်ရှိပြီး ရုပ်အလောင်းအားတွေ့ရှိပါက တာဝန်ရှိသူများက ဆေးရုံသို့ ရဲဆေးစာပေးပို့ပြီး သေမှုသေခင်းရေးဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကဒုံကနိကြိုးဝိုင်း၊ ပျဉ်ဒရယ် ကြိုးဝိုင်းတို့နှင့် ဆက်စပ်ရာ သဘာဝဒီရေတောများသည် ရေချိုရေငန်စပ်မိကျောင်းများ မျိုးပွားခိုလှုံရာ ဒေသတစ်ခုဖြစ်ပြီး ယခုအချိန်ကာလသည် မိကျောင်းများ၏ အသိုက်ပြုလုပ်သောကာလဖြစ်သောကြောင့် မိကျောင်းအန္တရာယ်ကို သတိထားရန် လိုအပ်သည်။

**မိုးစက်(ဘိုကလေး)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ အနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ -၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၅၆၅ | ၃၀၀၀ |
| 95 Ron | ၂၃၆၀ | ၂၃၉၀ | ၂၃၈၅ | ၂၃၄၅ | ၂၃၀၅ | ၂၄၁၀ | ၂၃၈၅ | ၂၃၇၀ | ၂၄၇၀ | ၂၄၀၅ | ၂၃၈၀ | ၂၃၈၅ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၆၅၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၈၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၃၀၀၀ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၃၅ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၁၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၈၀ | ၃၁၆၀ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၃၅ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၁၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၈၀ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၁၉ | ၂၁၉၅ |
| 95 Ron | ၂၂၂၅ | ၂၃၀၃ |
| HSD (500 ppm) | ၂၁၇၆ | ၂၂၄၉ |
| HSD (50 ppm) | ၂၂၅၀ | ၂၃၂၄ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၂၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံ၏ အနာဂတ် စက်သုံးဆီသုံးစွဲမှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာတော့မည့် ဇီဝအီသနောလောင်စာစက်သုံးဆီ

**နဒီမင်း၊ ဓာတ်ပုံ -KSW**

**အနာဂတ်ကာလတွင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် စွမ်းအင်လိုအပ်ချက်၊ လောင်စာဆီရှားပါးလာမှုပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုကို လျှော့နည်းစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန် ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) များဖြင့် အစားထိုးသုံးစွဲနိုင်မည့် နည်းလမ်းများကို ကမ္ဘာ့နိုင်ငံအသီးသီးက တီထွင်အသုံးပြုလာကြသည်။**

လက်ရှိသုံးစွဲလျက်ရှိသော စက်သုံးလောင်စာဆီများသည် ဟိုက်ဒရိုကာဗွန်အခြေခံရုပ်ကြွင်းလောင်စာဖြစ်သည့် ရေနံစိမ်းမှချက်လုပ်ထားသည် ဖြစ်ရာ ယင်းရေနံစိမ်းသည် အချိန်တစ်ခုသို့ ရောက်လျှင် ကုန်ခန်းသွားနိုင်ခြင်း၊ ဈေးနှုန်းမြင့်တက်နိုင်ခြင်းတို့ကြောင့် ရေရှည်အသုံးပြုနိုင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအဟန့်အတားဖြစ်စေနိုင်ပြီး ၎င်းတို့မှထွက်ရှိသော အညစ်အကြေး၊ ဘေးထွက်ပစ္စည်းများကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးစေလျက်ရှိသည်။

ဟိုက်ဒရိုကာဗွန် အခြေခံရုပ်ကြွင်းလောင်စာ ရေနံစိမ်းအပေါ် မှီခိုအားထားမှုလျှော့ချနိုင်ရေးနှင့် တိုင်းပြည် နိုင်ငံခြားငွေယိုစီးမှု လျှော့ချနိုင်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအချို့သည် ဇီဝလောင်စာ (Biofuels) ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ်၊ အနာဂတ်စွမ်းအင်၏ အဓိကအခန်းကဏ္ဍအဖြစ် ရှုမြင်လာကြသည်။

သို့အတွက် နိုင်ငံတကာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဇီဝလောင်စာ (Biofuels) တစ်မျိုးဖြစ်သည့် ဇီဝအီသနောကို Gasohol အမည်ဖြင့် စက်သုံးဆီအစားထိုးအသုံးပြုလာကြသည်။

ယေဘုယျအားဖြင့် Gasohol ကို E 5, E 10, E 15, E 25 အစရှိသည်မှ E 85 အထိ အမျိုးမျိုးရောစပ်သတ်မှတ်ကြသည်။ ဥပမာ E 5 အဓိပ္ပာယ်မှာ အများဆုံး Ethanol ငါးရာခိုင်နှုန်း၊ အနည်းဆုံး ဓာတ်ဆီ ၉၅ ရာခိုင်နှုန်းကို သတ်မှတ်ထားခြင်းဖြစ်သည်။

Gasohol အသုံးပြုရာတွင် အများအားဖြင့် ဥရောပနိုင်ငံများ၌ E 5 ကိုလည်းကောင်း၊ အမေရိကန်နှင့် နိုင်ငံတော်တော်များများ၌ E 10 ကိုလည်းကောင်း၊ E 85 နှင့် အထက်ကိုလည်းကောင်း သုံးစွဲနေကြပြီဖြစ်သည်။

### ဇီဝလောင်စာဆီများ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လာ

ဥရောပနိုင်ငံများတွင်သာမက အာဆီယံနိုင်ငံများတွင်လည်း အာဆီယံဒေသအတွင်း ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုအနေဖြင့် စွမ်းအင်အမျိုးအစားများ ပေါင်းစည်းသုံးစွဲမှုတွင် ၂၀၂၅ ခုနှစ်၌ ၂၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ၂၀၃၅ ခုနှစ်၌ ၃၅ ရာခိုင်နှုန်းသို့လည်းကောင်း ဇီဝလောင်စာစက်သုံးဆီများ ထုတ်ယူသုံးစွဲမှုကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ရုပ်ကြွင်းလောင်စာ သုံးစွဲမှုများကို ၂၀၂၅ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၅၀ ပြည့်နှစ်တွင် ၅၃ ဒသမ ၇ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဇီဝလောင်စာစက်သုံးဆီများသည် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များအဖြစ် ပိုမိုအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်နေသည့် အီသနောတန်ချိန်ငါးသောင်းထွက် စက်ရုံစီမံကိန်းအတွင်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

အာဆီယံနိုင်ငံများအတွင်း အထူးသဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံသည် အာရှနိုင်ငံများအနက် ပထမဆုံး Biodiesel နှင့် Bioethanol သုံးစွဲရန် နိုင်ငံ၏အနာဂတ်စွမ်းအင်လမ်းပြမြေပုံဖော်ဆောင်၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထိုင်းအစိုးရက မော်တော်ယာဉ်အများစုအတွက် ULG 91 ဆီအစား အီသနောနှင့် ဓာတ်ဆီ အချိုးအစားရောနှောပါဝင်သည့် ဇီဝလောင်စာ စက်သုံးဆီ (Gasohol) ရောင်းချစေခြင်း၊ ပြည်သူများဘက်ကလည်း ဇီဝလောင်စာစက်သုံးဆီ (Gasohol) ကို လိုလိုလားလားလက်ခံသုံးစွဲလာခြင်း စသည်တို့ကြောင့် ထိုင်းနိုင်ငံတွင် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပြည်ပမှတင်သွင်းရသည့် ULG 91 ဆီများ ရောင်းချရမှုမှာ သိသိသာသာကျဆင်းလာသည်ကို တွေ့မြင်ရသည်။

> **❑ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် “ဇီဝလောင်စာ စက်သုံးဆီထုတ်လုပ်သုံးစွဲမှုကို တိုးမြှင့်ဆောင်ရွက်သွားရန်” ဟူသည့် အာဆီယံ၏ ရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန် စက်သုံးဆီများတွင် အီသနော ရောစပ်၍ ဇီဝအီသနောလောင်စာ စက်သုံးဆီအဖြစ် စနစ်တကျတိုးမြှင့်ထုတ်လုပ်သုံးစွဲသွားနိုင်ရေး ဆောင်ရွက်လျက်ရှိ**

### မြန်မာနိုင်ငံသည် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေး ဦးတည်ကြိုးပမ်းနေသည့် နိုင်ငံတစ်နိုင်ငံ

မြန်မာနိုင်ငံသည်လည်း Nationally Determined Contributions (NDCs) အစီရင်ခံစာအရ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်စပ်လျဉ်း၍ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးတည်ကြိုးပမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် “ဇီဝလောင်စာ စက်သုံးဆီထုတ်လုပ်သုံးစွဲမှုကို တိုးမြှင့်ဆောင်ရွက်သွားရန်” ဟူသည့် အာဆီယံ၏ရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန် စက်သုံးဆီများတွင် အီသနောရောစပ်၍ ဇီဝအီသနောလောင်စာစက်သုံးဆီအဖြစ် စနစ်တကျတိုးမြှင့်ထုတ်လုပ်သုံးစွဲသွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇီဝအီသနော(Bioethanol) ကို နိုင်ငံအသီးသီးတွင် ပြောင်းဖူး၊ ကြံ၊ ပီလောပီနံနှင့် သကြားချက်ရာမှ ထွက်ရှိသော သကာရည်များမှ အဓိကထုတ်လုပ်ကြသည်ကို တွေ့ရှိရပြီး ဘရာဇီးနိုင်ငံတွင် ဘိုင်အိုအီသနောကို ကြံမှလည်းကောင်း၊ အမေရိကန်နိုင်ငံတွင် ပြောင်းဖူးမှလည်းကောင်း ထုတ်ယူကြောင်း လေ့လာသိရှိရသည်။

### ဇီဝလောင်စာများ ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်ယူနိုင်ကြောင်းတွေ့ရှိ

ပြည်ပမှတင်သွင်းသည့် ရေနံထွက်ပစ္စည်းများအပေါ် မှီခိုနေရသည့် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် လေ၊ နေ၊ ရေအား၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်များထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ရာတွင် လယ်ယာထွက် သီးနှံနှင့် ဘေးထွက်ပစ္စည်းများ၊ အခြားဇီဝအရင်းအမြစ်များမှနေ၍ ဇီဝလောင်စာ စက်သုံးဆီများကို ပြည်တွင်း၌ ကျယ်ပြန့်စွာထုတ်ယူနိုင်ကြောင်းတွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်ရန် ပြည်တွင်း၌ စိုက်ပျိုးရေးကုန်ကြမ်းသီးနှံများ လုံလောက်စွာရရှိရန်လည်း လိုအပ်သည်။ သို့မှသာ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော ရေမဲ့အီသနော (Anhydrous Ethanol) များ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပမှတင်သွင်းလာသည့် ဓာတ်ဆီများနှင့် ရောနှောအသုံးပြု၍ စက်သုံးဆီအရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။

ထို့ပြင် အီသနောထုတ်လုပ်ရန်အတွက် အဓိကဖြစ်သည့် ပြောင်းနှင့် ကြံသီးနှံများကိုသာမက ကုန်ကြမ်းအဖြစ်အသုံးပြုနိုင်သည့် အခြားအစားထိုးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုအပ်သည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အီသနောဇီဝလောင်စာထုတ်လုပ်ရန် လိုအပ်သည့် စက်မှုကုန်ကြမ်းသီးနှံများ ပြတ်လပ်မှုမရှိဘဲ စဉ်ဆက်မပြတ် ရရှိနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေးကဏ္ဍတွင်လည်း နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ဝင်ငွေများတိုးပွားလာခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်နေသည့် အီသနောတန်ချိန်ငါးသောင်းထွက် စက်ရုံစီမံကိန်းမှ အီသနောသိုလှောင်ကန်ကြီးများ တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။

# လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ ကြယ်လိပ်သားပေါက်ကောင်ရေ ၂၁၄၀ ပေါက်ဖွားရှင်သန်



ညောင်ဦး ဇူလိုင် ၂၇

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ သစ်တောဦးစီးဌာန လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ မြန်မာ့ကြယ်လိပ်များကို ခြံလှောင်မွေးမြူထားရှိရာ ယခုနှစ် သားပေါက်ရာသီတွင် ကြယ်လိပ်သားပေါက်ကောင်ရေ ၂၁၄၀ ပေါက်ဖွားရှင်သန်ခဲ့ကြောင်း သိရသည်။**

ကြယ်လိပ်များ ခြံလှောင်မွေးမြူသည့် ရည်ရွယ်ချက်မှာ မြန်မာတစ်နိုင်ငံတည်းတွင်သာ ရှိသည့် ဌာနေဖွားမျိုးစိတ်ဖြစ်ပြီး နေရင်းဒေသများတွင် မျိုးသုဉ်းရန် အလွန် နီးကပ်နေခြင်းကြောင့် မျိုးဆက်မပျက်သုဉ်းရေးအတွက် မွေးမြူ၍ ပေါက်ဖွားလာစေရန်၊ တိုးပွားလာသောသားပေါက်များကို ၎င်းတို့နေရင်းဒေသများသို့ ပြန်လွှတ်ပေးရန်၊ ကြယ်လိပ်ဝါသနာရှင်များ၊ ကြယ်လိပ်ပညာရှင်များ သုတေသနပြုနိုင်ရန်နှင့် ပြည်သူများ အနီးကပ်လေ့လာကြည့်ရှုနိုင်စေရန် ဖြစ်ကြောင်း ဥယျာဉ် အုပ်ချုပ်ရေးမှူး ဒေါ်လေးလေးခိုင်ထံမှ သိရသည်။

လောကနန္ဒာ ဘေးမဲ့တော ဥယျာဉ်တွင် ကြယ်လိပ်အထီး ၄၂ ကောင်၊ အမအကောင် ၄၀ စုစုပေါင်း ၈၂ ကောင်ကို ၂၀၀၁ ခုနှစ်က စတင်မွေးမြူခဲ့ပြီး မွေးမြူစဉ်က ခုဂဏန်း၊ ဆယ်ဂဏန်းမျှသာ ပေါက်ဖွားနှုန်း ရှိခဲ့သော်လည်း ယခုအခါ နှစ်စဉ် ကောင်ရေထောင်နှင့်ချီ ပေါက်ဖွားလာနေပြီဖြစ်ကြောင်း၊ ယခင်နှစ်က ကြယ်လိပ်သားပေါက် ၁၅၇၆ ကောင် ပေါက်ဖွားခဲ့ပြီး ယခုနှစ် ကြယ်လိပ်သားပေါက်ရာသီ ပြီးဆုံးချိန်တွင် ကြယ်လိပ်သားပေါက် အကောင် ၂၁၄၀ ပေါက်ဖွားခဲ့၍ ယမန်နှစ်ထက် ၅၆၄ ကောင် ပိုမိုပေါက်ဖွားခဲ့ကြောင်း သိရသည်။

လောကနန္ဒာ ဘေးမဲ့တော ဥယျာဉ် ကြယ်လိပ်မွေးမြူရေးခြံသည် ကမ္ဘာပေါ်တွင် ကြယ်လိပ်အကောင်ရေ အများဆုံးရှိသည့် ခြံတစ်ခြံအဖြစ် တည်ရှိနေကြောင်း၊ နှစ်စဉ်ကြယ်လိပ်ကောင်ရေ ၁၀၀၀ ကျော် ပေါက်ဖွားလျက်ရှိပြီး မျှော်မှန်းချက်ထက်ပင် ကျော်လွန်ပေါက်ဖွားနေကြောင်း သိရသည်။

၂၀၀၁ ခုနှစ်မှစ၍ ၂၃ နှစ်တာကာလအတွင်း ယခုနှစ်သည် ပေါက်ဖွားနှုန်း အကောင်းဆုံးနှစ်ဖြစ်ကြောင်း၊ လက်ရှိတွင် ဥယျာဉ်၌ အရွယ်စုံကြယ်လိပ် ၁၀၈၈၈ ကောင်ရှိနေပြီး နေရင်းဒေသများသို့ ပြန်လည်စေလွှတ်ခဲ့သည့် ကြယ်လိပ်ကောင်ရေ ၂၆၅၀ အပါအဝင် ၁၃၅၃၈ ကောင် ပေါက်ဖွားခဲ့ပြီးဖြစ်ရာ မြန်မာမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်များသည် မြန်မာမြေပေါ်တွင် ထာဝရ ရှင်သန်ပေါက်ဖွား နေထိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

ဥယျာဉ်အတွင်းမှ အရွယ်ရောက် ကြယ်လိပ်များကို ၎င်းတို့၏ နေရင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး မင်းဘူး/စကုမြို့နယ်ရှိ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်နှင့် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရှိ မင်းစုံတောင်ဘေးမဲ့တော ဥယျာဉ်တို့တွင် သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်ရန် ပြန်လည်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# မူဆယ်မြို့ အခြေခံပညာမူလတန်းကျောင်း(ကောင်းမူး)သို့ စာရေးခုံနှင့် ထိုင်ခုံများလှူဒါန်း

**မူဆယ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဟိုနားရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း (ကောင်းမူး)၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအတွက် လိုအပ်နေသော စာရေးခုံနှင့် ထိုင်ခုံများကို ဇူလိုင် ၂၅ ရက်က သွားရောက်လှူဒါန်းသည်။

အဆိုပါကျောင်းတွင် ဆရာဆရာမ ကိုးဦး၊ ကျောင်းသားကျောင်းသူ ၆၀၀ ကျော်ခန့်ရှိပြီး စာသင်ခန်း ရှစ်ခန်းအတွင်း စာရေးခုံ၊ ထိုင်ခုံများ မလုံလောက်ခြင်း၊ အခန်းမလုံလောက်ခြင်းနှင့် သုံးရေ မလုံလောက်ခြင်းများ ကြုံတွေ့နေရသည်။ ထို့ကြောင့် မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်း ဦးဆောင်သည့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှု၊ "ကမ်းလက်ကူညီ ပရဟိတအသင်း"၏ လုပ်အားကူညီမှုဖြင့် စာရေးခုံ၊ ထိုင်ခုံ တစ်စုံလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၇၀ တန်ဖိုးရှိ စာရေးခုံနှင့် ထိုင်ခုံအစုံ ၅၀ ကိုလည်းကောင်း၊ သုံးရေအတွက် အဝီစိတွင်းရေမှ ရေကန်အတွင်း ရေဖြည့်သွင်းရာ၌ လိုအပ်သော အလိုအလျောက် ဖွင့်/ပိတ်စက် တန်ဖိုးငွေကျပ် ၃၅၀၀၀၀ ကိုလည်းကောင်း လှူဒါန်းပေးခဲ့သည်။ **သန့်ဇင်(မြန်မာ့အလင်း)**

# အောင်လံမြို့၌ တန်ဖိုးသင့်တိုက်ရိုက်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

**အောင်လံ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်ရောင်းဝယ်သူများ၏ တန်ဖိုးသင့်တိုက်ရိုက်အရောင်းဆိုင်ကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးရှေ့၌ ဇူလိုင် ၂၇ ရက်က ဖွင့်လှစ်ရောင်းချသည်။



မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ရောင်းချခြင်းဖြစ်ပြီး ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သား၊ အသားနှင့် ဟင်းသီးဟင်းရွက်စသည့် အခြေခံစားကုန်များကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူများ လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း၊ အရောင်းဆိုင်ကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်မင်းမောင်**


**(ပြန်/ဆက်)**



**မြန်မာ့ရိုးရာ လက်ဝှေ့ကစားသမားများအတွက် လေ့ကျင့်ရေး အထောက်အကူပြုအားကစားပစ္စည်းများဖြစ်သော လက်ဝှေ့အိတ်များ၊ လက်ဝှေ့ပက်များ၊ဒူးကာများ၊ လက်စည်းကြိုးများ၊ သွားဖုံးကာများကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် (တရုတ်တိုင်ပေ) ကိုယ်စား MMAG ကုမ္ပဏီမှ ဦးဝဏ္ဏက မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်လွင်နှင့် အမှုဆောင်များထံ ဇူလိုင် ၂၅ ရက်က ပေးအပ်လှူဒါန်းစဉ်။** အာကာစိုး

*စာမျက်နှာ ၁၆ မှ*

ပြည်တွင်း၌ ပုဂ္ဂလိကအခန်းကဏ္ဍမှ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပြောင်းသီးနှံစက်မှုကုန်ကြမ်းမှ အီသနောတန်ချိန် ၂၀၀၀၀ နှင့် တင်လဲရည်မှ အီသနောတန်ချိန် ၅၀၀၀၀ စုစုပေါင်း တစ်နှစ်လျှင် အီသနောတန်ချိန် ၇၀၀၀၀ (လစဉ် ဂါလန် ၂ ဒသမ ၁ သန်း) ထုတ်လုပ်ပေးနိုင်မည့် စက်ရုံများ တည်ဆောက်လျက်ရှိရာ အဆိုပါစက်ရုံများပြီးစီးပါက ယင်းစက်ရုံများမှ ထွက်ရှိလာသောအီသနောများကို ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများနှင့်ရောစပ်ကာ ဇီဝလောင်စာစက်သုံးဆီအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ၏ စက်သုံးဆီသုံးစွဲမှုတွင် ပြည်ပစက်သုံးဆီလျှော့ချသုံးစွဲနိုင်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်သည်။




မြန်မာနိုင်ငံတွင် Gasohol (E 10) ကို တွင်ကျယ်စွာအသုံးပြုနိုင်ပါက နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေး (Energy Security) အထောက်အကူဖြစ်စေခြင်း၊ ဇီဝလောင်စာစက်သုံးဆီ အစားထိုးသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်စေခြင်း၊ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေခြင်းစသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် စွမ်းအင်လိုအပ်ချက်၊ လောင်စာဆီရှားပါးလာမှု ပြဿနာများကို နိုင်ငံတကာနည်းတူ ရင်ဆိုင်ကျော်လွှားနိုင်ပြီး စွမ်းအင်ဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေသည့် "နိုင်ငံတွင်း ဇီဝလောင်စာစက်သုံးဆီရောစပ် ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် အနာဂတ်စက်သုံးဆီသုံးစွဲမှုတွင် အီသနောရောစပ်၍ ဇီဝလောင်စာစက်သုံးဆီ ထုတ်လုပ်အသုံးပြုနိုင်ရေး"ကို နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်ကြီးများ၊ လုပ်ငန်းဆောင်ရွက်သူများ၊ အများပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၃ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၅ ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(ယာပုံ)

**သတင်းစဉ်**

# မြိတ်မြို့နယ်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**မြိတ် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Project Cycle Management သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဆောအယ်လောဆောက သင်တန်းကာလတွင် သင်ကြားပေးမည့် ဘာသာရပ်များကို တင်ပြဆွေးနွေးရာ စီမံကိန်းတစ်ခုရေးဆွဲရာတွင် တွေ့ကြုံရမည့် အတွေ့အကြုံများနှင့်အခက်အခဲများအပေါ် ရင်ဆိုင်ဖြေရှင်းရမည့်နည်းလမ်းများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းကို ခရိုင်နှင့်မြို့နယ်များမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တာ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဂွမြို့နယ်၌ မိုးစပါးအထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းသရုပ်ပြ

**ဂွ ဇူလိုင် ၂၇**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် မိုးစပါးမျိုးစေ့ထုတ်နှင့် အထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ရဟိုင်ကွင်း



ကျေးရွာနေ တောင်သူ ဦးမြင့်ထွန်း၏ လယ်ငါးကေတွင် ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မိုးစပါးမျိုးစေ့ထုတ်များအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်း၊ ကောက်စိုက်သမများဖြင့် စိုက်ပျိုးပြသခြင်း၊ ထွန်စက်ကြီးဖြင့်ထွန်ယက်ပြသခြင်း၊ အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာထည့်သွင်းမှုပြသခြင်းတို့ကို ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် အဖွဲ့ဝင်များ၊ တောင်သူများက ကြည့်ရှုကြသည်။ **(ဝဲပုံ)** ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တောင်သူများအား မိုးစပါးမျိုးစေ့ထုတ်များကို ဧက ၁၀၀ တွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး၊ သတ်မှတ်အထွက်နှုန်း လျာထားချက် ပြည့်မီအောင် ထွက်ရှိရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ကိုးဦး တွေ့ရှိ

(၂၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၁၀,၂၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၂၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၉၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၃၅ ကျပ် | ၂၂၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၄၀၀ | ၅၂၈ | ၄၃၃၆၀၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၁၃၄၆ | ၃၇၇၄၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၃၆၅ | ၅၆၅၇၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၀ | ၁၂၅၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၅၀ | ၁၂၂၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၃၉၇၂ | ၅၉၄၅၁၀၀၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရုံးအမှတ်(၄၄)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာ (၆၀)အတွက် ယှဉ်တွဲပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | ထုတ်လုပ်ရေးကျွမ်းကျင်(၂) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | B.E(Chem)/ B.Sc(Chem)/ B.Sc(IC) | ကျား/ မ ၄ |
| (ခ) | လျှပ်စစ်ကျွမ်းကျင်(၂) | ॥ | B.E(Electronic)/ B.E(Electrical Power) | ကျား ၂ |
| (ဂ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ॥ | B.C.Sc/B.C.Tech/ B.E(IT) | ကျား/ မ ၃ |
| (ဃ) | စာရင်းကိုင်(၂) | ॥ | B.Com/B.Act/ B.BA/ B.Econ(Eco)/(Stat) | ကျား/ မ ၃ |
| (င) | စက်မှုကျွမ်းကျင်(၂) | ॥ | B.E(Mech)/ B.E(Mechatronic) | ကျား ၂ |
| (စ) | ဒု–ကြီးကြပ်ရေးမှူး | ॥ | B.A(Eng) | ကျား/ မ ၂ |
| (ဆ) | ဒု–ကြီးကြပ်ရေးမှူး | ॥ | L.L.B | ကျား/ မ ၂ |
| (ဇ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) | ॥ | B.E(Chem)/ B.Sc(Chem)/ B.Sc(IC) | ကျား/ မ ၂ |
| (ဈ) | ထုတ်လုပ်ရေးကျွမ်းကျင်(၄) | ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ | ဘွဲ့ရ | ကျား/ မ ၃၀ |
| (ည) | လျှပ်စစ်ကျွမ်းကျင်(၄) | ॥ | ဘွဲ့ရ/AGTI/ EGTI/GTC | ကျား ၅ |
| (ဋ) | စက်မှုကျွမ်းကျင်(၄) | ॥ | ဘွဲ့ရ/AGTI/ EGTI/GTC | ကျား ၅ |

၂။ လျှောက်ထားသူများသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁–၈–၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၀) နှစ်ထက်မကြီးသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရပါမည်။
- (င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၅ နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်လွှာတွင်ပါရှိသည့်အချက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး အောက်ဖော်ပြပါ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်–
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
- (ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူမှန် (စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရမည်။)
- (ဂ) အသက်အထောက်အထားစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန် (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသား ဖော်ပြရမည်။)
- (စ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။

၄။ လျှောက်လွှာများကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၁၅–၈–၂၀၂၃ ရက်နေ့ (လျှောက်လွှာပိတ်ရက်) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို **(လုံးဝ)** လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများအတွက် ရေးဖြေစာမေးပွဲကို ၂၆ – ၈ – ၂၀၂၃ ရက်နေ့တွင် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင် ၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ ပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသည့်အချက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းများနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်အား ဖော်ပြပါ Website >> တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်တို့ကို ဖော်ပြပါ Website >> တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၁၁၁၂၂ နှင့် ၃၄၁၁၁၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၅၉/၂)၊ အကျယ်အဝန်း(၄၅ပေ x ၃၄ပေ)၊ စတုရန်းပေ(၁၅၃၀)ရှိ ဒေါ်ဥမ္မာနိုင်(၁၂/ရကန(နိုင်)၀၁၄၂၁၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၉/၂)၊ မိုးစွေလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော RC(၂)ထပ်ခွဲနေအိမ်တို့အား အမည်ပေါက်ထံမှ မှတ်ပုံတင်စာချုပ်ကြီးဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါက်တာကိုကိုလတ် (၁၂/ဗဟန(နိုင်)၀၀၇၇၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စံနှင်းသာ(၁၂/ဥကတ(နိုင်)၀၄၇၅၇၂)က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၄င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘုမောင်(LL.B) (စဉ် – ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်၄၈၄၃၁)အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉– ၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင် ဦးစီးဌာနရုံးများနှင့် ရက်ကန်းကျောင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ခန့်ထားမည့်ရာထူး/လစာနှုန်း/ ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) B.E (Mech/EP/EC/Civil) (သို့မဟုတ်) B.Sc (IC/Chem) (သို့မဟုတ်) B.Com၊ B.Act၊ BBA ၊ B.Econ (Eco)၊ B.B.Sc (သို့မဟုတ်) မဟာဘွဲ့တစ်ခုခုရရှိသူ | ၉ |
| (ခ) | နည်းပြ (ရက်ကန်း) (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) B.E (Textile)(သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ရက်ကန်းသင်တန်းဆင်းသူ | ၃ |
| (ဂ) | အငယ်တန်းစာရေး (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) ဘွဲ့တစ်ခုခုရရှိသူ (လက်မှုပညာရပ် တစ်ခုခုကျွမ်းကျင်သူဦးစားပေးမည်။) | ၁၈ |
| (ဃ) | သုတေသနလက်ထောက်(၄) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) သိပ္ပံဘွဲ့ (ဓာတု/ ကုန်ထုတ်ဓာတု)(သို့မဟုတ်) ဓာတုဗေဒဆိုင်ရာဘွဲ့တစ်ခုခုနှင့် Dip in Food Technology ရရှိသူ | ၇ |
| (င) | စက်မှုကျွမ်းကျင်–၄ (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) အင်ဂျင်နီယာဘွဲ့/ အင်ဂျင်နီယာဒီပလိုမာ/ စက်မှုသင်တန်းကျောင်းဆင်းများ/ THS ကျောင်းဆင်းများ | ၁၄ |
| (စ) | စာရင်းကိုင်–၄ (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) ဘွဲ့တစ်ခုခုနှင့်စာရင်းကိုင်ဒီပလိုမာရရှိသူ (သို့မဟုတ်) စီးပွားရေးပညာဘွဲ့တစ်ခုခုရရှိသူ | ၉ |
| (ဆ) | လက်ထောက်နည်းပြ (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) AGTI(Textile)(သို့မဟုတ်)ဘွဲ့တစ်ခုခုနှင့် ရက်ကန်းသင်တန်းဆင်းသူ | ၄ |

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဒေသခံများအား ဦးစားပေးစဉ်းစားမည်။ ဝေးလံဒေသများနှင့် ဌာနမှလက်ရှိနေ့စားဝန်ထမ်းများဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဃ) လက်မှုပညာရပ်တစ်ခုခုကျွမ်းကျင်သူများသည် လက်တွေ့စစ်ဆေးခြင်းခံရမည်။
- (င) အမှတ်စဉ် (က) နှင့် (ခ) ရာထူးများအတွက် ဌာနတွင် အနည်း ဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
- (စ) အမှတ်စဉ် (ဂ) မှ (ဆ) ပါရာထူးများအတွက် ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးနိုင်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာများကို ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်–
- (က) လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ
- (ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်၊ ဘွဲ့နှင့်ဒီပလိုမာ လက်မှတ်မိတ္တူ
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
- (င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ်/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သော (၁) လအတွင်း)

၄။ လျှောက်လွှာများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်း ဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင် ဦးစီးဌာနရုံးများနှင့်ရက်ကန်းကျောင်းများသို့လည်းကောင်း (၃၁–၈–၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော/ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာ နှင့် အထွေထွေဗဟုသုတဘာသာရပ်) နှင့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ၊ ရုံးချုပ် (နေပြည်တော်)၊ ရုံးအမှတ် (၁၆) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနရုံးများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာရေးသားဖော်ပြရန်နှင့် ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဖုန်း၊၀၆၇– ၃၄၁၀၀၅၀၊ ၀၆၇–၃၄၁၀၃၉၇ နှင့် လျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ဦးမင်းနိုင်

သဃ်န်းကျွန်း၊ သုဝဏ္ဏ VIP (1/2/3) အိမ်၊ ခြံ၊ မြေ ရောင်း/ဝယ်/ငှားလိုသူများ ဆက်သွယ်ပေးပါရန်။

**ဖုန်း–၀၉–၄၃၀၅၁၃၃၃၊ ၀၉–၉၆၁၈၈၅၅၈၊ ၀၉–၇၇၂၅၉၉၉၂၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2129 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန် အသိပေးကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီး၊ မြေကွက်အမှတ်–၁၂၄၈၊ မြေရေိယာ(၄၀x၆၀)ပေရှိ ဒေါ်စန်းစန်းဝင်း အမည်ပေါက် ဂရန်မူရင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်လင်းကြည်ဖြူသန့်က ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ကြေးမုံမြင့်(LL.B)** | **ဦးအောင်သူကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်–၁၇၇၆၆** | **စဉ်–၅၂၈၅၆** |
| **ဖုန်း– 09– 420220402** | **ဖုန်း–09–893534200** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/4317, Honda Fit Shuttle GP2, S/W (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၁၂/ဗတထ(နိုင်)၀၂၈၆၂၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/6425, Man Star M.P.V, Micro Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူနိုင် ၁၂/အစန(နိုင်)၁၂၃၉၆၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ၁၂လမ်း၊ (င) ရပ်ကွက်၊ အမှတ်(၁၃၀)၊ (၅)လွှာ)တိုက်၏ ပထမထပ်(၂–လွှာ)၊ အကျယ်(၁၈'x၅၅') ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများ ဖြစ်ကြသော ဦးစိုးရွှေ ၁၂/မရက(နိုင်)၀၆၆၂၉၉၊ ဒေါ်ခင်အေးမြင့် ၁၂/မရက(နိုင်)၀၃၃၁၃၀တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်နီလာခိုင် ၁၂/ဥကမ(နိုင်)၁၈၈၁၀၃က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉ ၇၃၀၂၆၁၉၉၊ ၀၉ ၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

